ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (19-9-2008) (၅၈၀၆)

ကတညုတာ တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ ပေါင်းလောင်းနယ်မြေ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်အတွင်း ကြည့်ရှု စစ်ဆေးကြစဉ်။** (သတင်းစဉ်)





# ပေါင်းလောင်းနယ်မြေ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၈

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ရေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသော ရွှေတောင်အုပ်စု၊ အေးရှားဝေါလ်ကုမ္ပဏီနှင့် မြန်ရွှေပြည်ကုမ္ပဏီတို့ ပူးပေါင်းဆောက်လုပ်လှူဒါန်းသည့် ပေါင်းလောင်းနယ်မြေ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနား ကျည်တောင်ကန်ကျေးရွာအုပ်စု ခါမကျေးရွာရှိ အဆိုပါတိုက်နယ်ဆေးရုံသစ် မျက်နှာစာ၌ ကျင်းပသည်။**

အဆိုပါ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရွှေတောင်အုပ်စု၊ အေးရှားဝေါလ်ကုမ္ပဏီ၊ မြန်ရွှေပြည်ကုမ္ပဏီတို့မှ ကုမ္ပဏီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးသိန်းဆွေက တိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ ဆောင်းပါး အညွှန်း**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ဆန္ဒမဲပေးသူ အားလုံးရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပေးခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီအခြေခံဥပဒေဟာ ယနေ့ ပြည်သူအများစုက Mandate ပေးခြင်းခံရတဲ့ အခြေခံဥပဒေဖြစ်သွားပြီ ဖြစ်ပါတယ်။

**ကျော်ရဲမင်း၏ "အကြမ်းဖက် အဖျက်လုပ်ရပ်များ ပြည်သူ့အားနဲ့ ဝိုင်းဝန်းဆန့်ကျင် ဖယ်ရှားသွားမည်"**

**(ဆောင်းပါး) စာမျက်နှာ- ၈၊၉**

# နေပြည်တော်ပျဉ်းမနားမှ တောက်ပြိုရေလှောင်တမံ

**သတင်းဆောင်းပါး၊ ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)**

**နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဦးတည်ချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိစေရန် ရေအရင်းအမြစ်များ ဖော်ထုတ်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ပျဉ်းမနား တောင်ညိုရှိ တောက်ပြိုချောင်းပေါ်တွင် ရေလှောင်တမံတစ်ခုကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့ ▲**



**တောက်ပြိုရေလှောင်တမံ ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။**

ကြေးမုံ
The Mirror

၁၉-၉-၂၀၀၈
(သောကြာနေ့)

## မြို့ပြ ကျေးရွာ ပြန်လည်ထူထောင်ရေး ဦးစားပေးဖော်ဆောင် လမ်းများကောင်းမွန်ရေး ရာသီမလပ် ထိန်းသိမ်းပြုပြင်

နိုင်ငံတော်အပိုင်းက လေဘေးသင့်ဒေသများရှိ မြို့ပြကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာနှင့် ကုမ္ပဏီများ၊ စေတနာရှင်ပြည်သူများကပါ လူအင်အား၊ ငွေကြေး၊ ပစ္စည်းတို့ဖြင့် ပံ့ပိုးကူညီလျက်ရှိရာ စီးပွားရေး၊ လူမှုရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လျက်ရှိသည်။

ယခုအခါ လေဘေးသင့်ဒေသများ၌ အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြရသည့် ပြည်သူများအတွက် နေအိမ်များ တည်ဆောက်ပေးနေသကဲ့သို့ လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့်ဆားလုပ်ငန်းစသည့် အဓိက စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပံ့ပိုးကူညီပေးလျက်ရှိရာ လုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေကြကြောင်း တွေ့ရသည်။

လေဘေးသင့်ဒေသရှိ မြို့ပြကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများနှင့်အတူ အဆိုပါဒေသရှိ ကျေးရွာများတွင် ကျေးလက်ပြည်သူများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ဘေးလွတ်ရာသို့ အလွယ်တကူ ရှောင်ရှားသွားလာနိုင်ရေးအတွက် ပင်လယ်ပိုင်းဒေသတွင် ကွန်ရက်လမ်းမကြီးငါးသွယ်ကို ဖောက်လုပ်လျက်ရှိသည်။

လပွတ္တာမြို့နယ် သဃ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသည် ပင်လယ်ဝ၌ တည်ရှိသဖြင့် ၃၅ မိုင်ရှည်သည့် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ လမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ လမ်းပိုင်း၏ တစ်ဝက်ခန့်မှာ တစ်ကြောင်းထိုးလမ်းအဖြစ် ပြီးစီးနေကြောင်း သိရသည်။

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့်ကားလမ်းများ ပျက်စီးလျက်ရှိရာ ရန်ကုန်-ပုသိမ်ကားလမ်း၊ ဖျာပုံ-ဘိုကလေးကားလမ်းတို့ကို ပြင်ဆင်လျက်ရှိသည်။ ထို့အပြင် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ ကားလမ်း ဖောက်လုပ်ရေး၊ ဒေသအလိုက်ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေး လုပ်ငန်းများကိုလည်း အချိန်မီပြီးစီးစေရန် ကြိုးပမ်းလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ရာ လေဘေးသင့်ဒေသရှိ မြို့ပြကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းများ အစဉ်အမြဲ ကောင်းမွန်နေစေရန် လမ်းပိုင်းအလိုက် ရာသီမပြတ် ပြုပြင်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါသည်။ ။

## အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်(မြောက်ပိုင်း)ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ မူကြိုအရွယ် ကလေးများအတွက် အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က အင်းစိန်မြို့နယ် ပင်မယန္တရားတောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် (၈) မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ပြီး တတိယဆု ပူးတွဲရရှိသွားသော တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်တို့အား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အတွင်းရေးမှူး ဒေါ်ငွေငွေအုန်းကလည်းကောင်း၊ဒုတိယဆုရရှိသွားသောရွှေပြည်သာမြို့နယ်အားတိုင်းကျန်းမာရေးဦးစီးဌာနမှဒေါက်တာယဉ်သန္တာလွင်က လည်းကောင်း၊ ပထမဆုရရှိသွားသော အင်းစိန်မြို့နယ်အား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေ ကလည်းကောင်း ဆုများကို အသီးသီး ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)



ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုသင်တန်းကျောင်းတည်ဆောက်ရေးကိစ္စနှင့် နှစ်နိုင်ငံ စက်မှုနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံရာသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bhaskar Kumar Mitra လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် လှူဒါန်းပစ္စည်းများကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ပေးပို့လှူဒါန်းလျက်ရှိရာ ကန်တော့ခံ သက်ကြီးစာပေပညာရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သရေစည်သူ မဟာသီမဂ္ဂဇင်း အယ်ဒီတာချုပ် ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မှူးသမိန်)နှင့်ဇနီးဒေါ်တင်တင်မြင့်မိသားစုက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း (လှထွန်း-တွံတေး)နှင့်ဇနီး ဒေါ်ညွန့်ညွန့်သန်း (ညွန့်ညွန့်သန်း-ခရီးသွား) မိသားစုက ငွေကျပ်သုံးသောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ အဖွဲ့ရန်ပုံငွေအတွက် မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က အလှူငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းနှင့်(၃၇)လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၃၈၅၂၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ကန်တော့ခံ သက်ကြီးစာပေပညာရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သရေစည်သူ မဟာသီမဂ္ဂဇင်းအယ်ဒီတာချုပ် ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မှူးသမိန်)နှင့်ဇနီး ဒေါ်တင်တင်မြင့် မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာ တင်ထွန်းဦး)နှင့် တာဝန်ရှိသူများက လက်ခံစဉ်။** (စာပေနှင့်စာနယ်ဇင်း)

## ပန်းအိုးအလှထိုးနည်းနှင့် သစ်သီးပုံဖော်နည်း သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၁၈**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သည့် ပန်းအိုး၊ ပန်းအလှထိုးနည်း၊ ပန်းပွင့်၊ ပန်းခိုင်များ ပြုလုပ်နည်းနှင့် သစ်သီးပုံဖော်နည်း သင်တန်းဆင်းပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၂နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က သင်တန်းနည်းပြ ဒေါ်မော်မော်အား လက်ဆောင်ပစ္စည်းပေးအပ်ပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူ သင်တန်းသူများအား ဆုများ ချီးမြှင့်သည်။ ဆုပေးပွဲအပြီးတွင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သင်တန်းသူများ ပြုလုပ်ထားသော ပန်းပွင့်၊ ပန်းခိုင်များနှင့် သစ်သီးများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)** ယင်းသင်တန်းကို စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ဖွင့်လှစ်ပြီး ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များမှ သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)





**အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့ ပေါင်းလောင်းနယ်မြေ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)

*** ရွှေဖုံးမှ**

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က တိုက်နယ်ဆေးရုံဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တိုက်နယ်ဆေးရုံကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ရွှေတောင်အုပ်စု အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်က တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံး ခုတင်များ၊ ပရိဘောဂများ၊ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို လည်းကောင်း၊ မြန်ရွှေပြည်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက တိုက်နယ်ဆေးရုံ အဆောက်အအုံနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သော ပေါင်းလောင်းနယ်မြေ တိုက်နယ်ဆေးရုံသစ်သည် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းမှ ဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၄ ရွာမှ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အဆိုပါ(၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ စတင်တည်ဆောက်ခဲ့ပြီး မေလတွင် ဆောက်လုပ်ပြီးစီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

**▲ ရွှေဖုံးမှ**

တောက်ပြိုရေလှောင်တမံသို့ သွားရောက်ရာတွင် နေပြည်တော်ပျဉ်းမနား-တောင်ညို ကားလမ်းအတိုင်းလာခဲ့ရာ ၅၂ သစ်စက်ရှေ့မှ အရှေ့ဘက်ဆည်ဝင်လမ်းအတိုင်း တစ်မိုင်ဝင်ရောက်လာပါက တောက်ပြိုရေလှောင်တမံကို တွေ့ရှိရသည်။ တောက်ပြိုရေလှောင်တမံ ရှင်းလင်းဆောင်၌ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူ၊ လက်ထောက်အင်ဂျင်နီယာ(တမံ) ဦးဝင်းမြင့်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ(ရေပိုလွှဲ၊ ရေထုတ်ပြွန်၊ ဆည်ရေသောက်စနစ်) ဦးကျော်ထိုက်တို့က ရေလှောင်တမံနှင့်ပတ်သက်သော အချက်အလက်များကို ကွင်းဆင်းပြသကြသည်။

တောက်ပြိုရေလှောင်တမံကို ၂၀၀၈ခုနှစ် ဧပြီ ၂၇ရက်က အခု ၂၁၀ မြောက်ဆည်အဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာလုပ်ငန်းအင်ဂျင်နီယာများက ရေလှောင်တမံနှင့်ပတ်သက်သောအချက်အလက်များ ရှင်းလင်းပြသရာတွင် ရေလှောင်တမံတည်နေရာမှာ နေပြည်တော်ပျဉ်းမနား အနောက်မြောက်ဘက် ၂၁ မိုင်ခန့်အကွာ တောက်ပြိုချောင်းပေါ်၌ မြေသားတမံအလျား ပေ ၁၄၀၀ အမြင့် ၅၇ ပေ တည်ဆောက်ထားခြင်းဖြစ်သည်။

တမံရေဆင်းဧရိယာသည် ၂ဒသမ ၇စတုရန်းမိုင် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၁၉၇၀ ကန်ရေပြည့် ရေလှောင်ပမာဏ ၂၄၉၁ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၄၇၅ ဧကပေရှိပြီး ရေထုတ်ပြွန်အမျိုးအစားသံကူကွန်ကရစ် အရွယ်အစား သုံးပေ၊ အချင်းသံကူကွန်ကရစ်ပိုက် တစ်လုံး၊ အလျား ၁၈၆ ပေ၊ ဒီဇိုင်းရေထုစီးနှုန်း ၁၀ ကုဗပေ/စက္ကန့်ဖြစ်သည်။

ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် အကျယ် ၁၅ ပေ၊ အလျား ၇၅၃ ပေ၊ ဒီဇိုင်းရေထုစီးနှုန်း ၃၆၇ဒသမ ၃၈ကုဗပေ/စက္ကန့်ရှိကြောင်း သိရှိရသည်။

တောက်ပြိုရေလှောင်တမံတွင် ဇူလိုင် ၂၅ ရက်အထိ ရေသိုလှောင်မှုအခြေအနေမှာ ကန်အတွင်းရေအမှတ်မှာ RL ပေ ၆၅၀ဒသမ ၂၀ ဖြစ်၍ ရေပမာဏ ၁၄၃ဒသမ ၀၀ ဧကပေ သိုလှောင်ထားရှိသည်။ တောက်ပြိုရေလှောင်တမံ တည်ဆောက်ရခြင်း အဓိကရည်ရွယ်ချက်သည် တောက်ပြိုချောင်းအပေါ်၌ အလျား ပေ ၁၄၀၀၊ အမြင့် ၅၇ ပေနှင့် ရေပမာဏ ၂၄၉၁ ဧကပေခန့် သိုလှောင်နိုင်သော မြေသားတမံတစ်ခု တည်ဆောက်၍ လယ်ယာမြေများသို့ ရေပေးဝေရန်ဖြစ်သည်။ ဆည်ရေပေးဝေမည့် ဧရိယာသည် ဧက ၃၀၀ ဖြစ်ပြီး မြောင်းမကြီးမှ လက်တံမြောင်းနှစ်ခုဖြင့် ရေပေးဝေရာတွင် ယခုနှစ် နွေစပါးဧက ၂၀၀ကို ရေစတင်ပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်း မိုးကောင်းသောက်လယ်မြေများကို ရေသေချာသော ဆည်ရေသောက်စနစ်သို့ ပြောင်းလဲဆောင်ရွက်သွားမည့် တောက်ပြို ရေလှောင်တမံမှ ပို့လွှတ်သောစိုက်ပျိုးရေများဖြင့် ရာသီမရွေး စပါးနှင့် အခြားသီးနှံများ ဝေဝေဆာဆာ ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၉-၉-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၀၀ ၈။ မြန်မာစာမြန်မာစကား
၅:၁၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆:၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း -၇)**
၂၃။ သင့်အတွက် မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

## ဒိုင်လူကြီးများအား ဝေဖန်ခဲ့သည့် ဖာဂူဆန် အက်ဖ်အေထံ ဖြေရှင်းချက်ပေးရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၁၈**

ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၄)တွင် မန်စီးတီးနှင့် ချယ်လ်ဆီးတို့၏ပွဲ၌ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီမှာ ထိုပွဲ၌ မန်စီးတီး၏ ရှေ့တန်းတိုက်စစ်မှူး ဂျို အား ကွင်းလယ်စည်းနားတွင် ဆွဲလှဲသလိုဖြစ်ခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင်လူကြီးဟဲဆေးက ဂျွန်တယ်ရီအား အနီကတ်ပြ၍ ထုတ်ပယ်ခဲ့သည်။ အမှန်တကယ်မှာ ယင်းအနီကတ်ပြစ်ဒဏ်ကြောင့် ဂျွန်တယ်ရီမှာ သုံးပွဲပယ်ခံရမည်ဖြစ်သော်လည်း ဒိုင်အကြီးအကဲ ကိတ်ဟက်ကက်က ၎င်းအနီကတ်အား ပယ်ဖျက်ရန် ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ဂျွန်တယ်ရီမှာ လာမည့် ပရီမီယာလိဂ်ပွဲစဉ်(၅)တွင် စတမ်းဖို့ဒ်ဘရစ်ချ်၌ ယှဉ်ပြိုင်ကစားမည့် မန်ယူနှင့်ပွဲတွင် ပြန်လည်ပါဝင်ကစားနိုင်တော့မည်ဖြစ်သည်။

ယင်းကဲ့သို့ ဂျွန်တယ်ရီ၏ပြစ်ဒဏ်မှာ လွတ်မြောက်ခွင့်ရရှိခဲ့သော်လည်း လီဗာပူးနှင့် မန်ယူပွဲတွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့် မန်ယူနောက်ခံလူ ဗီဒစ်မှာမူ လာမည့် ချယ်လ်ဆီးနှင့်ပွဲအား လွဲချော်တော့မည်ဖြစ်ခြင်းကြောင့် ဖာဂူဆန်အနေဖြင့် မကျေမနပ်ဖြစ်နေခြင်းဖြစ်သည်။ ဖာဂူဆန်က ဂျွန်တယ်ရီနေရာတွင် မန်ယူကစားသမားတစ်ဦးဦးဖြစ်ခဲ့ပါက ဒိုင်အဖွဲ့က ယခုကဲ့သို့ ပြစ်ဒဏ်မှ လွတ်ကင်းခွင့်ပေးလိမ့်မည်မဟုတ်ဟု ဝေဖန်ခဲ့သည်။ ယင်းဝေဖန်မှုအပေါ် အက်ဖ်အေက စုံစမ်းစစ်ဆေးမှုများပြုလုပ်မည်ဆိုပါက ဖာဂူဆန်အနေဖြင့် အက်ဖ်အေထံ ဖြေရှင်းချက်ပေးရဖွယ် ရှိနေသည်။ ***အင်တာနက်။***

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ် ဒုတိယနေ့ ရလဒ်များ

**၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ဆဲလ်တစ် | ၀-၀ | အယ်လ်ဘော့ဂ် |
| ဒိုင်နမိုကိဗ် | ၁-၁ | အာဆင်နယ် |
| ဂျူဗင်တပ် | ၁-၀ | ဇင်းနစ် |
| လိုင်ယွန် | ၂-၂ | ဖီအိုရင်တီးနား |
| မန်ယူ | ၀-၀ | ဗီလာရီးယဲလ် |
| ပေါ်တို | ၃-၁ | ဖီနာဘာချီ |
| ရီးယဲလ်မက်ဒရစ် | ၂-၀ | ဘိုရီဆော့ဗ် |
| စတူအာဘူခါရက် | ၀-၁ | ဘိုင်ယန်မြူးနစ် |

***အင်တာနက်။***

## ချန်ပီယံလိဂ်တွင် ဂိုးအများဆုံး သွင်းထားသူများ

| | |
|---|---|
| ဂီလာဒီနို (ဖီအိုရင်တီးနား) | ၂ ဂိုး |
| ဂျရတ် (လီဗာပူး) | ၂ ဂိုး |
| အဂူရို (အက်သလက်တီကို) | ၂ ဂိုး |

***အင်တာနက်။***

# ယီမင်ရှိ အမေရိကန်သံရုံး ကားဗုံးဖြင့် တိုက်ခိုက်ခံရ

ဆန်နာ စက်တင်ဘာ ၁၇

**ယီမင်နိုင်ငံ မြို့တော်ဆန်နာရှိ အမေရိကန်သံရုံးကို စက်တင်ဘာ ၁၇ရက်က ကားဗုံးဖောက်ခွဲပြီး ဒုံးကျည်နှင့် ပစ်ခတ်မှု ဖြစ်ပွားသည်။ ထို့ပြင် သံရုံးဝန်းကျင်၌လည်း ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

ယင်းသံရုံးဝင်း၏ ဝင်ပေါက်ရှေ့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဒုတိယကားမှ လက်နက်ကိုင်များသည် သံရုံးလုံခြုံရေး အစောင့်များကို ဒုံးကျည်အပြင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုတွင် သံရုံး၌ တာဝန်ချထားသည့် ယီမင်ရဲတပ်ဖွဲ့ဝင်များ သေကျေထိခိုက်ကြသော်လည်း သေကျေထိခိုက်မှု အခြေအနေကို ဖော်ပြခြင်း မရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း အမေရိကန်သံရုံးအား ဒုတိယအကြိမ် တိုက်ခိုက်ခြင်းဖြစ်သည်။

အမေရိကန်သံရုံး ဝန်းကျင်တွင် ကြီးမားသော ပေါက်ကွဲမှု အနည်းဆုံး သုံးခုခန့် ဖြစ်ပွားကြောင်း ၎င်းသံရုံးအနီး၌ နေထိုင်သော ဘရီတန်ထရိုင်မာဆန်က စီအင်န်အင်န် ရုပ်မြင်သံကြားသို့ ပြောကြားသည်။

ထို့ပြင် ၎င်းသည် အဆက်မပြတ် ပစ်ခတ်သံများကို ကြားရကြောင်း၊ ထို့ကြောင့်၎င်း၏နေအိမ်ပြတင်းပေါက်မှ ထွက်ကြည့်ရာ ပထမဆုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားသွားသည်ကိုမြင်ရကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် အမေရိကန်သံရုံးအနီးမှ မီးလုံးကြီးကို မြင်တွေ့ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ထိုသို့ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မကြာမီ ၁၀မိနစ် သို့မဟုတ် ၁၅ မိနစ်ခန့်တွင် ဒုတိယအကြိမ် ကျယ်လောင်သည့် ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုများကြောင့် သေကျေထိခိုက် ပျက်စီးဆုံးရှုံးမှုများရှိသည်ကို ကြားသိရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယင်းပေါက်ကွဲမှုများနှင့် ပတ်သက်ပြီး အမေရိကန်သံရုံးမှ ဝေဖန်ပြောကြားရန် ငြင်းဆိုခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး အတည်ပြုခြင်းလည်း မရှိကြောင်း၊ ပြောဆိုဆွေးနွေးခြင်းလည်းမရှိကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သော မတ်လအတွင်းက အမေရိကန်သံရုံးအားရည်ရွယ်၍ တောင်ကုန်းမှ စိန်ပြောင်းဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ကျောင်းသူတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်သံတမန်များက ပြောကြားသည်။

***အင်တာနက်။***



## တွေ့ရ

**ယီမင်နိုင်ငံ ဆန်နာမြို့ အမေရိကန်သံရုံးရှေ့ရှိ ကားဗုံးပေါက်ကွဲသွားသော နေရာကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဆိုမာလီယာ၌ ပြန်ပေးဆွဲခံရသူ ပြင်သစ်နှစ်ဦးအား ပြင်သစ်စစ်ဘက်က ကယ်တင်

**ပါရီ စက်တင်ဘာ ၁၇**

ဆိုမာလီပင်လယ်ဓားပြများ ရက်သတ္တ နှစ်ပတ်ကြာ ဖမ်းဆီးထားသည့် ပြင်သစ်လူမျိုးနှစ်ဦးမှာ စက်တင်ဘာ ၁၅ ရက်က လွတ်မြောက်ခဲ့ကြောင်း ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီက အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဆိုမာလီပင်လယ်ဓားပြများ ကြီးစိုးရာဒေသကို ပြင်သစ်စစ်ဘက် ကွန်မန်ဒို ၃၀ က စက်တင်ဘာ ၁၅ ရက်တွင် စစ်ဆင်ရေးပြုလုပ်ရာ ပင်လယ်ဓားပြတစ်ဦး သေဆုံးပြီး အခြားခြောက်ဦး ဖမ်းဆီးရမိသည်။

ဗင်နီဇွဲလားနိုင်ငံ၌ မှတ်ပုံတင်ထားသော ပြင်သစ်သင်္ဘော ကာရီဒီအက်သည် စက်တင်ဘာ ၂ရက်က အေဒင်ပင်လယ်ကွေ့အတွင်း၌သွားလာနေစဉ် ပြန်ပေးသမားများက ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် ငြိမ်းချမ်းရေး ဆွေးနွေးရန် ရောက်ရှိနေသော ပါလက်စတိုင်းသမ္မတ မာမွတ်အာဘက်စ်နှင့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလမက်တို့ စက်တင်ဘာ ၁၆ ရက်က တွေ့ဆုံကြစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ဆွန်မ်ချိုင်းကို ရွေးချယ်

**ဗန်ကောက် စက်တင်ဘာ ၁၇**

ထိုင်းနိုင်ငံလွှတ်တော်တွင် ဗုဒ္ဓဟူးနေ့ကနိုင်ငံ၏ ၂၆ဦးမြောက် ဝန်ကြီးချုပ် ရွေးချယ်ရေးအတွက် မဲပေးခဲ့ကြရာ ကိုယ်စားလှယ် ဆွန်မ်ချိုင်း ဝေါင်ဆာဝက်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခဲ့ကြသည်။

၎င်းသည် ၂၉၈ မဲရရှိပြီး ဝန်ကြီးချုပ်ဖြစ်လာသည်။ ပြည်သူ့အာဏာပါတီ(ပီပီပီ)နှင့် အခြားပါတီ ငါးခုက ၎င်းအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ရန် သဘောတူညီခဲ့ကြသည်။ ဆွန်မ်ချိုင်းအား ဝန်ကြီးချုပ်သစ်အဖြစ် အမည်စာရင်း တင်သွင်းစဉ်က ထိုင်းရက်ပ်ထိုင်းပါတီ (တီအာတီ)မှ ကန့်ကွက်ခဲ့ကြသေးသည်။

သို့ရာတွင် ညှိနှိုင်းမှုများပြုလုပ်ပြီးနောက် (ပီပီပီ)ပါတီ၏ ခွဲထွက်ပါတီဖြစ်သော တီအာတီအုပ်စုသည် ဆွန်မ်ချိုင်းအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ရန် လက်ခံခဲ့ကြသည်။

ဆွန်မ်ချိုင်းသည် အသက် ၆၁ နှစ် ရှိပြီဖြစ်ပြီး ၎င်းသည် တရားရေးလုပ်ငန်းတွင် အတွေ့အကြုံရင့်ကျက်သူ တစ်ဦးဖြစ်သည်။ အနှစ် ၂၀ ကျော် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ချွန်လိပိုင်အစိုးရလက်ထက်နှင့် သက်ဆင်ရှင်နာဝပ်တို့၏ လက်ထက်တွင် ၎င်းသည် အဆင့်မြင့်ရာထူးများ၌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဆံပင်တုအတွင်း မူးယစ်ဆေးဝါးများ သိုဝှက်သယ်ဆောင်လာသည့်
# ဗြိတိန်အမျိုးသမီးနှစ်ဦးအား ဖမ်းမိ

**လန်ဒန် စက်တင်ဘာ ၁၇**

မူးယစ်ဆေးဝါးများကို ဆံပင်တုအတွင်း သိုဝှက်သယ်ဆောင်လာသည့် ဗြိတိန်အမျိုးသမီးနှစ်ဦးအား ဂျမေကာလေဆိပ်၌ ဖမ်းဆီးခဲ့ကြောင်း ဗြိတိန်အကောက်ခွန် တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

အသက် ၁၇ နှင့် ၂၀ နှစ် အသီးသီးရှိ အမျိုးသမီးတို့သည် လန်ဒန်သို့ ပျံသန်းမည့် လေယာဉ်ပေါ်တက်ရန် ကြိုးစားစဉ် စတာလင်ပေါင် ၁၇၅၀၀၀ တန်ဖိုးရှိ ကိုကင်းငါးပေါင်ကို ဗြိတိန်အကောက်ခွန် တာဝန်ရှိသူများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုအမျိုးသမီးနှစ်ဦးသည် ဗြိတိန်နိုင်ငံမှ ဂျမေကာနိုင်ငံသို့ သီတင်းနှစ်ပတ်ကြာ အပန်းဖြေခရီး ထွက်ခဲ့ကြခြင်းဖြစ်သည်။ ဗြိတိန်သို့အပြန်တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရန် စည်းရုံးခံရပြီး သယ်ခအဖြစ်ပေါင်ငွေ ၄၀၀၀ ကိုလည်း လက်ခံရရှိကြောင်း ထွက်ဆိုခဲ့သည်။

ဗြိတိန်နှင့်ဂျမေကာပူးပေါင်းမူးယစ်ဆေးဝါးနှိမ်နင်းရေး သဘောတူညီမှုအရ ဆောင်ရွက်ရာမှ ယခုအမှုကို ဖော်ထုတ်နိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ဂျီးရီးယားသူပုန်များ ရှဲလ်ရေနံပိုက်လိုင်းအား ထပ်မံဖောက်ခွဲ

**လာဂို့စ် စက်တင်ဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်ရှိ ရှဲလ်ရေနံထုတ်လုပ်ရေးကုမ္ပဏီပိုင် ရေနံပိုက်လိုင်းကို နိုင်ဂျီးရီးယားသူပုန်အဖွဲ့က ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း အင်္ဂါနေ့ နောက်ဆုံးသတင်းတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၁၅ ရက် ည ၁၀နာရီ ၁၀မိနစ်၌ ရှဲလ်ရေနံထုတ်လုပ်ရေးကုမ္ပဏီပိုင် ရေနံပိုက်လိုင်းအား နိုင်ဂျီးရီးယားမြစ်ဝှမ်း လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (အမ်အီအင်န်ဒီ)က ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ဂျော်ဒန်နှင့် တောင်ကိုရီးယား စေ့စပ်ဆွေးနွေး

**အမ္မန် စက်တင်ဘာ ၁၇**

ဂျော်ဒန်နှင့် တောင်ကိုရီးယား လုပ်ငန်းများသည် ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနှင့် ပတ်သက်၍ဆွေးနွေးညှိနှိုင်းကြကြောင်း ဒေသခံသတင်းစာ ဂျော်ဒန်တိုင်းမ်က ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

စွမ်းအင်ဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံပိုင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကော်ပိုရေးရှင်း (ကေအီးပီစီအို)တို့အကြား စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ကြသည်ဟု ဝန်ကြီး၏ပြောရေးဆိုခွင့်ရှိသူ မာမွတ်အိစ်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အေအီးပီစီအိုသည်ဓာတ်အားစက်ရုံတည်ဆောက်ရန် စိတ်ဝင်စားသော လုပ်ငန်းလေးခုအနက် တစ်ခုဖြစ်သည်။တည်ဆောက်ရမည့်စက်ရုံသည် အမေရိကန်ဒေါ်လာသန်း၅၀၀ရင်းနှီးရမည်ဖြစ်ပြီး ဓာတ်အားထုတ်လုပ်မှုပမာဏ မဂ္ဂါဝပ် ၄၀၀ ရှိကြောင်းသိရသည်။ ဈေးပြိုင်စနစ်ဖြင့် အဆိုတင်သွင်းကြရာတွင် အေအီးပီစီအိုမှ တင်သွင်းသောအဆိုသည် အကောင်းဆုံးဖြစ်ကြောင်း ၎င်းကပြောသည်။

၂၀၁၁ ခုနှစ်တွင် အဆိုပါစီမံကိန်းကိုစတင်လည်ပတ်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ယင်းသည်ဂျော်ဒန်၌အကြီးဆုံး သဘာဝဓာတ်ငွေ့ လောင်စာသုံး ဓာတ်အားပေးစက်ရုံ ဖြစ်လာမည်ဟုဆိုသည်။ ထိုစက်ရုံသည် နိုင်ငံကအားထားရမည့် ဒုတိယမြောက် ဓာတ်အားပေးစက်ရုံဖြစ်သည်။ ပထမစက်ရုံမှာအဲမနာကာဒေသတွင်တည်ဆောက်ထားသောလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၇၀ ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်သည်။

ဂျော်ဒန်နိုင်ငံ၏လျှပ်စစ်ဓာတ်အားသုံးစွဲလိုမှုပမာဏသည်၂၀၂၀ပြည့်နှစ်တွင် ခန့်မှန်းခြေအားဖြင့် မဂ္ဂါဝပ် ၄၀၀၀ ထိ ရောက်ရှိမည်ဖြစ်ကြောင်း စာရင်းအင်းများက ဖော်ပြသည်။

***အင်တာနက်။***



**မြောက်ကိုရီးယားနိုင်ငံ ပြုံယန်းမြို့အနီး လယ်ယာလုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၁၇ ရက်က တွေ့ရ စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# အီရတ်တွင် အမေရိကန် စစ်ဘက်ပို့ဆောင်ရေး ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၇

**အမေရိကန် စစ်ဘက်ပို့ဆောင်ရေးမှ ချင်းနွတ်ရဟတ်ယာဉ်တစ်စင်းသည် စက်တင်ဘာ ၁၆ ရက် အစောပိုင်းတွင် အီရတ်နိုင်ငံတောင်ပိုင်း၌ ပျက်ကျခဲ့သဖြင့် တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။**

စီအိပ်ချ်- ၄၇ ချင်းနွတ် အမျိုးအစား ပို့ဆောင်ရေးရဟတ်ယာဉ်သည် ဘာဆာရာမြို့ အနောက်ဘက်မိုင် ၆၀ခန့်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီးအကြမ်းဖက်တိုက်ခိုက်ခြင်း ခံရဖွယ်မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းသည် ကူဝိတ်နိုင်ငံရှိ ရေတပ်မှ အမေရိကန်တပ်ဖွဲ့များ တပ်စွဲထားရာ ဘဂ္ဂဒက်မြို့ မြောက်ဘက်ဘာလက်ဒေသသို့ တပ်ဖွဲ့ဝင်များအား တင်ဆောင်ကာ ပျံသန်းလာစဉ် ပျက်ကျခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

သီးခြားဖြစ်စဉ် အနေဖြင့် စက်တင်ဘာ ၁၇ ရက်ကလည်း အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲကြောင့် မဟုတ်သော အကြောင်းကြောင့် သေဆုံးခဲ့ရသဖြင့် ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိသည်။

နည်းပညာဌာနမှ အင်ဂျင်နီယာ ဂေါ့ဗ်ဂျူးရိတ်ကတ်ချ် မိုလာဆိုသူသည် မိုဆူးလ်မြို့ရှိ အဆောက်အအုံတစ်ခုမှ အိမ်သို့ လမ်းလျှောက်ပြန်လာစဉ် သေနတ်သမားများက ကားပေါ်မှ ပစ်ခတ်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ၎င်းသည် ဇွန် ၂၆ ရက် ကားဗုံးပေါက်ကွဲမှုတွင် ကံကောင်းထောက်မစွာ အသက်မသေဘဲ ကျန်ရစ်ခဲ့သူတစ်ဦး ဖြစ်ကြောင်း သိရှိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းမှ စတင်ကာ အီရတ်တွင် အကြမ်းဖက်မှုများ သိသိသာသာ လျော့ကျသွားခဲ့ရာမှ ယခုလအတွင်း ပြန်လည်ဦးမော့လာသည်ဟု သတင်းတွင် ဖော်ပြထားသည်။

***အင်တာနက်။***



**စက်တင်ဘာ ၁၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံး နှစ်လုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသွားသူ တစ်ဦးအား ဆေးရုံသို့ သယ်ဆောင်နေသည်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



**အီရတ်နိုင်ငံ ကာရာဒါအရပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်နိုင်ငံသားများကို နှိပ်စက်သည့် ဗြိတိန်တပ်ဖွဲ့ဝင်များအား အပြစ်ပေးအရေးယူ

**လန်ဒန် စက်တင်ဘာ ၁၇**

အီရတ်နိုင်ငံသားကိုးဦးကို ဥပဒေမဲ့ ကိုယ်ထိလက်ရောက် စော်ကားခဲ့သည်ကို ကာကွယ်ရေးဝန်ကြီးဌာန(အမ်အိုဒီ)က ဝန်ခံပြောကြားခဲ့ပြီး စော်ကားခဲ့သူများကို ဗြိတိန်စစ်ဘက်က ထိန်းသိမ်းထားပြီဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ မတော်မတရား ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်းကို အကြောင်းပြု၍ တရားစွဲဆိုထားသည်။

ဘာဆာရာဒေသအနီး နံနက်စာစခန်းဟုခေါ်သော စားသောက်ကုန်ဂိုဒေါင်အတွင်း ၂၀၀၃ ခုနှစ် မေလက ဗြိတိသျှတပ်ဖွဲ့ဝင်များသည် နှိပ်စက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း တရားလိုများက ပြောကြားသည်။

ထိုအဖြစ်အပျက်တွင် ပါဝင်ခဲ့သူ ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အရေးယူခဲ့ပြီး ဖြစ်သည်။ ၎င်းတို့အား စစ်ခုံရုံးတင်စစ်ဆေးခြင်း၊ အကျဉ်းချခြင်းနှင့် တပ်မှထုတ်ပယ်ခြင်းစသည့် ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီး ဖြစ်သည်။

***အင်တာနက်။***

# အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင် တစ်ဦး သေဆုံး

**ကဘူး စက်တင်ဘာ ၁၇**

အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်ဟု နိုင်ငံတကာ လုံခြုံရေးအထောက်အကူတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှုတွင် သေဆုံးသူ၏ နိုင်ငံသားနှင့်အမည်ကို အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က ပြောကြားခဲ့ခြင်း မရှိပေ။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ချထားသော တပ်ဖွဲ့ဝင်များတွင် အများစုမှာ အမေရိကန်များဖြစ်သည်။

သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်စဉ်အတွင်း ယင်းတပ်ဖွဲ့ဝင် သေဆုံးရခြင်းဖြစ်သည်ဟု ပြောကြားသည်။ အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ဗုံးပေါက်ကွဲမှုလည်းဖြစ်ခဲ့ရာ အခြားပြည်ပတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်ဟု စစ်ဘက်သတင်း ထုတ်ပြန်ချက်တွင် ကြေညာသည်။ အာဖဂန်နစ္စတန်တွင် ယခုနှစ် တစ်နှစ်တည်း၌ပင် နိုင်ငံတကာတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၁၁ ဦးထက်မနည်း သေဆုံးခဲ့ရပြီဖြစ်သည်။

***အင်တာနက်။***




# ဒရင်းမ် လက်ကိုင်ဖုန်းသစ် ဈေးကွက်တွင် မကြာမီရောင်းချမည်

**ပေကျင်း စက်တင်ဘာ ၁၇**

ဂူဂဲလ်ကုမ္ပဏီ၏ အင်ဒါရိုက်ဆော့ဖ်ဝဲလ်ကို အသုံးပြုထားသော ကြိုးမဲ့တယ်လီဖုန်းသစ်ကိုနယူးယောက်တွင်ပြုလုပ်မည့် စက်တင်ဘာ ၂၇ရက် ကွန်ဖရင့်တွင် ထုတ်ဖော်ပြသမည်ဖြစ်ကြောင်း တီ-မိုလ်ဘိုင်း တယ်လီဖုန်းလုပ်ငန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ထိုတယ်လီဖုန်းအသစ်ကို ဒရင်းမ် တယ်လီဖုန်းဟု ခေါ်သည်။ ယင်းတယ်လီဖုန်း၏ အသုံးပြုနိုင်မှုစွမ်းပကားကြီးမားပုံကို ကွန်ဖရင့်တက်ရောက်လာသူများ ရှုစားကြရမည်ဟု တီ-မိုလ်ဘိုင်း ကုမ္ပဏီက ပြောကြားသည်။

သို့သော် ဒရင်းမ်တယ်လီဖုန်းသစ်ကို ၂၀၀၈ ခုနှစ် အောက်တိုဘာလမရောက်မချင်း ဈေးကွက်တွင် တင်သွင်း ရောင်းချမည်မဟုတ်ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။ ပြည်ပဈေးကွက်သို့ သင်္ဘောတင်ရောင်းချမည့်နေ့၊ ဈေးနှုန်းစသည်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ဝက်ဘ်ဆိုက်တွင် ဖော်ပြသောသတင်းအရ ဒရင်းမ်လက်ကိုင်ဖုန်းအသစ် အလုံးခြောက်သိန်းကို ဈေးကွက်တင်ရန် စီစဉ်ထားပြီး တယ်လီဖုန်း တစ်လုံး၏ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်ရှိမည်ဖြစ်ကြောင်းသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံမြောက်ပိုင်းတွင် ပေါက်ကွဲအား ပြင်းထန်သည့် အသေခံ ကားဗုံးပေါက်ကွဲမှု စက်တင်ဘာ၁၆ရက်က ဖြစ်ပွားနေစဉ်။** (ထိုပေါက်ကွဲမှုတွင် အရပ်သားရှစ်ဦးသေဆုံးခဲ့သည်။)
*(ဓာတ်ပုံ-အင်တာနက်)*

# အများသုံး ပလတ်စတစ်များ နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်မှုရှိနေ

**ရော့ခ်ဗယ်လီ(မာရီလင်းန်) စက်တင်ဘာ ၁၇**

လူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသည့် ပလတ်စတစ်ပစ္စည်းများဖြစ်သော ကလေးနို့ဘူး အပါအဝင် ပလတ်စတစ်ပစ္စည်းများသည် လူတို့တွင် ဖြစ်ပွားတတ်သော နှလုံးရောဂါ၊ ဆီးချိုရောဂါတို့နှင့် ဆက်စပ်မှုရှိနေကြောင်း လေ့လာတွေ့ရှိရသည်။ သို့သော် အမေရိကန်မှ ပုံမှန်လေ့လာဆန်းစစ်မှု ပြုလုပ်နေသူများကမူ ယင်းပလတ်စတစ်များသည် အန္တရာယ်ကင်းသည်ဟု ယုံကြည်မှုရှိနေကြဆဲဖြစ်သည်ဟု ပြောကြားသည်။

**စမ်းသပ်**

ပလတ်စတစ်ပစ္စည်းများတွင် ပါဝင်သော ဓာတုဗေဒဓာတ်ပေါင်းတစ်မျိုးဖြစ်သော ဘိုင်ဖီနော်လ်အေ သို့မဟုတ် ဘီပီအေသည် လူတို့၏ အစားအစာများထည့်သော ပလတ်စတစ်ဘူးများ၊ ဖျော်ရည်ဘူးများနှင့် စည်သွတ်ဘူးများတွင် ပါဝင်သော ဓာတ်ပစ္စည်း ဖြစ်သည်။

ယခုတိုင်အောင်ပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ကျွမ်းကျင်သူများသည် ပလတ်စတစ်ပစ္စည်းများ၏ စိတ်ချရမှု အခြေအနေကို စမ်းသပ်ရာ၌ တိရစ္ဆာန်များကိုသာ အသုံးပြု၍ စမ်းသပ်ထားခြင်းဖြစ်သည်။

**ပိုမိုခံစားရ**

သို့သော် အမေရိကန်ဆေးဘက်ဆိုင်ရာ ဂျာနယ်တွင် ဖော်ပြထားသော သုတေသီများ၏ အဆိုအရ အရွယ်ရောက်ပြီးသော အမေရိကန် ၁၄၅၅ ဦးကို စမ်းသပ်ကြည့်ရာ ဘီပီအေဓာတ်ပေါင်းနည်းသော လူများထက် ဘီပီအေမြင့်တက်နေသူများတွင် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် အသည်းနှင့်ပတ်သက်၍ ပုံမှန်မဟုတ်သော ရောဂါများ ပို၍ခံစားရသည်ကို တွေ့ရသည်ဟု ဖော်ပြထားသည်။

***အင်တာနက်။***

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အားကစားနှင့်အလုပ်သမား ဘယ်သူဗိုလ်စွဲမလဲ

သတင်းဆောင်းပါး
ဇော်မင်းအောင်

**နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၈**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခဲ့သော ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီးအား နေပြည်တော်ရှိဝန်ကြီးဌာနအသီးသီးမှ ဘောလုံးအသင်း (၃၅)သင်းကို ရှစ်အုပ်စုခွဲ၍ နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားခဲ့ရာယနေ့(၁၉-၉-၂၀၀၈)တွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ နေပြည်တော်ဘောလုံးကွင်း၌ ဗိုလ်လုပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အားကစားဝန်ကြီးဌာနအသင်းသည် ပထမအဆင့်၌ သမဝါယမကို (၅/၀)ဖြင့်လည်းကောင်း၊ နယ်စပ်/စည်ပင်ကို (၃/၀)ဖြင့်လည်းကောင်း၊ စီမံ/စီးပွားကို (၃/၀)ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲ၌ မွေး/ရေကို (၆/၂)၊ ယဉ်ကျေးမှုကို (၁၀/၂)၊ ပြန်ကြားရေးကို (၄/၁)ဖြင့် အနိုင်ရရှိခဲ့သည်။ ကွာတားဖိုင်နယ်ရှုံးထွက်ပြိုင်ပွဲ၌ ဆက်သွယ်ရေးကို (၂/၁)၊ ဆီမီးဖိုင်နယ်ပြိုင်ပွဲ၌ စက်မှု(၁)ကို (၄/၁)ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်လာခဲ့ခြင်း ဖြစ်သည်။

အားကစားဝန်ကြီးဌာနအသင်းမှာ ပထမအကြိမ်ပြိုင်ပွဲ၌ တတိယရရှိခဲ့သည်။ ယခုအသင်းတွင် အား/ကာသိပ္ပံ (မန္တလေး)၊ အား/ကာသိပ္ပံ (ရန်ကုန်)နှင့် သွေးသစ်အသင်းမှ လူငယ်များကို အခြေခံဖွဲ့စည်းထားပြီး အုပ်ချုပ်သူအဖြစ် ဦးသက်လွင်၊ ညွှန်ကြားရေးမှူး(စီမံ) အားကစားဝန်ကြီးဌာန နည်းပြအဖြစ် တင်မျိုးအောင်(မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးကျော်ကျော် (ဦးစီးအရာရှိ အား/ကာသိပ္ပံ မန္တလေး)က လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ကြပါသည်။ ယခုပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာနမှ မွေးထုတ်လေ့ကျင့်ပေးထားသော အား/ကာ သိပ္ပံများမှ ကျောင်းသား လူငယ်လေးများအား ပွဲထုတ်လေ့ကျင့်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာနအသင်းသည် ပထမအဆင့်၌ တရားရုံးချုပ်ကို (၆/၀)၊ ယဉ်ကျေးမှုကို (၆/၂)၊ အမှတ်(၁) လျှပ်စစ်ကို (၄/၀)ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့်၌ ရထားကို (၃/၁)၊ နယ်စပ်/စည်ပင်ကို (၃/၁)ဖြင့် အနိုင်ရရှိပြီး အမှတ်(၁)စက်မှုကို (၂/၁)ဖြင့် ရှုံးနိမ့်ကာ ကွာတားဖိုင်နယ်ပြိုင်ပွဲ၌ ယမန်နှစ်ချန်ပီယံ စီးပွား/ကူးသန်းကို (၁/၀)ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ် ပြိုင်ပွဲ၌ ပို့ဆောင်ရေးကို (၃/၁)ဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ အလုပ်သမား ဝန်ကြီးဌာနအသင်းမှာ မန္တလေးပြည်တွင်း ကုန်တင်/ကုန်ချအသင်းမှ ကစားသမားများကို အခြေခံဖွဲ့စည်းထားပြီး အုပ်ချုပ်သူအဖြစ် ဦးထွန်းရှန်၊ နည်းပြအဖြစ် ဦးမောင်ငယ်တို့က ပါဝင်ဆောင်ရွက်ခဲ့သည်။

ယခုပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများနှင့် အသန့်ရှင်းဆုံးဘောလုံး အသင်းဆုကိုပါ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကြီး၌ ပထမရရှိသော အသင်းအား ဒိုင်းဆုနှင့် ကျပ်သိန်းနှစ်ဆယ်၊ ဒုတိယ တစ်ဆယ့်နှစ်သိန်း၊ တတိယရှစ်သိန်း၊ စတုတ္ထလေးသိန်း၊ အသန့်ရှင်းဆုံးအသင်း သုံးသိန်း၊ အကောင်းဆုံး ဘောလုံးသမားဆု တစ်သိန်းငါးသောင်း၊ နေရာလိုက် အကောင်းဆုံးဘောလုံး သမားဆုများအား ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ကျောင်းသားလူငယ် သွေးသစ်များဖြင့်ဖွဲ့စည်းကာ ကစားကွက်အပေးအယူ အချိတ်အဆက်မိမိ စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်မှုအပြည့်ဖြင့် အင်တိုက်အားတိုက် ကစားတတ်သော အားကစားဝန်ကြီးဌာနအသင်းပဲ ဗိုလ်စွဲမလား၊ တွန်းတွန်းတိုက်တိုက် အချိတ်အဆက်မိမိ သမ္မာဖြင့် ကစားတတ်သော အလုပ်သမားဝန်ကြီးဌာနအသင်းပဲ ဗိုလ်စွဲမလားဆိုသည်ကို နေပြည်တော်ဘောလုံးကွင်းမှာ အဖြေကြည့်ကြရတော့မည်ဖြစ်သည်။

### ● မြန်မာလိဂ်မှ

ရောက်ရှိလာသည့် ဆက်သွယ်ရေးအသင်းကို အနိုင်ရရှိကာ ပွဲဦးထွက်သုံးမှတ်အပြည့် ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်း မရှိသေးဘဲ ဆက်သွယ်ရေးအသင်းကို ခက်ခက်ခဲခဲ ကစားပြီးမှ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းတွင်စိုးမြတ်မင်း၊လွင်ဦး၊အောင်ကျော်မိုး၊ထွန်းထွန်းဝင်း၊အောင်အောင်ဦးနှင့်သူရအောင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး ရန်ပိုင်တစ်ဦးတည်း ပါဝင်ခဲ့ခြင်း မရှိပေ။ ယမန်နှစ်က အမှတ်ပေး ပြိုင်ပွဲနှင့် ကွင်းပိတ်ပြိုင်ပွဲ နှစ်ခုစလုံးတွင် ဗိုလ်စွဲထားသော ဘဏ္ဍာ/အခွန်အသင်းမှာ ယခုနှစ် မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ပြိုင်ပွဲတွင် ကမ္ဘောဇကို အရေးနိမ့်ခဲ့သလို ယခုပွဲတွင်လည်း ပွဲပြီးခါနီးကျမှ အနိုင်ဂိုး သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် အဖွင့်ဂိုးကို ၁၄ မိနစ်တွင် ကျော်သူရက သွင်းယူခဲ့ပြီး ၂၅မိနစ်တွင် ချိုသဲမောင်က ဆက်သွယ်ရေးအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ဘဏ္ဍာ/အခွန် အသင်းအတွက် အနိုင်ဂိုးကို ၈၅မိနစ်တွင် အသင်းခေါင်းဆောင် စိုးမြတ်မင်းက သွင်းယူခဲ့သည်။

**(၁၈-၉-၂၀၀၈)**

**စီးပွား/ကူးသန်းအသင်း သုံးဂိုး။**

(ဘိုဘိုအောင်-တစ်ဂိုး၊ ပြည်ထဲရေးမှ ဟန်ထွန်းနှင့် စိုးငြိမ်းတို့ ကိုယ့်ဂိုးကိုယ်သွင်းမိ-တစ်ဂိုးစီ။)

**ပြည်ထဲရေးအသင်း တစ်ဂိုး။**

(စိုးငြိမ်း)

ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်တွင် လက်ရှိ ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း အနိုင်ရသွား၍ စီးပွား/ကူးသန်းအသင်းကလည်း ယခုပွဲတွင် ပြည်ထဲရေးအသင်းကို အနိုင်ရရှိအောင် ယှဉ်ပြိုင်ကစားသွားခဲ့သည်။ စီးပွား/ကူးသန်းအသင်း၏ ကစားပုံမှာ ယမန်နှစ် အမှတ်ပေးပြိုင်ပွဲတွင် ကစားခဲ့သည့် ခြေစွမ်းမျိုးကို မမီသေးဘဲ အထူးသဖြင့် အဆုံးသတ်ပိုင်း အားနည်းနေမှုကြောင့် ယခုထက် ဂိုးမပြတ်ခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းမှာ ၁၀မိနစ်တွင် ဦးဆောင် ဂိုးစတင်ရရှိခဲ့သော်လည်း မမျှော်လင့်ဘဲ ကိုယ့်ဂိုးကိုယ် နှစ်ဂိုးသွင်းမိပြီး လက်ဆောင်ဂိုးများ ပေးလိုက်ရသောကြောင့် အနိုင်မှရှုံးသွားရခြင်းဖြစ်သည်။

**ယနေ့ပွဲ**

ညနေ(၃)နာရီခွဲ

**(သုဝဏ္ဏကွင်း)**

ပို့ဆောင်ရေး-လယ်/ဆည်

**(အောင်ဆန်းကွင်း)**

ကာကွယ်ရေး-စွမ်းအင်

(ကြေးမုံ)

### ❑ ရာသီဥတုမှ

မြန်မာနိုင်ငံ၏ သဘာဝရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုများကို ၁၉၅၀ ပြည့်နှစ်မှ ၂၀၀၀ပြည့်နှစ်အထိ နှစ်ပေါင်း ၅၀အတွင်း လေ့လာသုံးသပ်ချက်အရ ၁၉၅၀မှ ၁၉၇၈ခုနှစ်အထိ ပထမကာလ၊ ၁၉၇၈ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ ဒုတိယကာလ၊ ၁၉၉၉ခုနှစ်မှ နောက်တတိယကာလအဖြစ် သုံးကြိမ်ပိုင်းခြားတွေ့မြင်ရမည်ဖြစ်သည်။

ပထမကာလတွင် စိုစွတ်သောရာသီဥတုဖြစ်ပြီး ယင်းနှစ်များအတွင်း မိုးကောင်းခြင်း၊ မုတ်သုံအဝင်အထွက်မှန်ကန်ခြင်းတို့ကြောင့် လွန်ကဲဖြစ်စဉ်များ မရှိဘဲ ရာသီဥတုကောင်းမွန်မှန်ကန် နေသည်ကို မှတ်တမ်းများအရ တွေ့မြင်ခဲ့ရသည်။ ဒုတိယကာလတွင် နှစ်စဉ်မိုးရွာသွန်းမှုနည်းပါး လာခြင်း၊ အပူချိန်များမြင့်တက်လာခြင်းတို့ကြောင့် ပူပြင်းခြောက်သွေ့သောရာသီဥတုများ ဖြစ်ပေါ်လာခဲ့သည်။ မုတ်သုံအဝင်နောက်ကျပြီး အထွက်စောသည်ကိုလည်း တွေ့လာရသည်။ မိုးရွာသွန်းမှု ၁၄၅ရက်မှ ရက် ၁၁၀အထိ လျော့ကျသွားခဲ့သည်။ ထို့အတူ မုန်တိုင်းဖြစ်ပေါ်မှုများလည်း အကြိမ်နည်းခဲ့သည်ကို မှတ်တမ်းများအရ သိနိုင်သည်။

၁၉၉၉ခုနှစ်နောက်ပိုင်း တတိယကာလတွင်မူ ရာသီဥတုမှာ ပိုပြီးစိုစွတ်လာသည်။ အပူရှိန် လွန်ကဲမှုများလည်း လျော့ပါးလာသည်။ မုတ်သုံနှင့် မိုးရွာသွန်းမှုတို့မှာလည်း မှန်ကန်လာသည်ကို တွေ့မြင်ခဲ့ရသည်။ သို့သော် ရာသီဥတုပြောင်းလဲလာမှုကြောင့် မုန်တိုင်းများအနေဖြင့် လွန်ကဲဖြစ်စဉ်၊ ထူးခြားဖြစ်စဉ်များ ပိုမိုများပြားလာသည်ကို သတိပြုမှတ်သားဖွယ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဥပမာအားဖြင့် အနီးစပ်ဆုံးကာလဖြစ်သော ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ သုံးနှစ်ကို ပြန်လည်ကြည့်ပါက လေဆင်နှာမောင်းတိုက်ခတ်မှု၊ မုန်တိုင်းကျရောက်မှု၊ မိုးကြိုးပစ်မှု၊ လျှပ်တစ်ပြက်ရေကြီးမှုများ ယခင်ကာလနှစ်များထက် ပိုမိုဖြစ်ပွားလာခဲ့သည်။

နောက်ဆုံးတွေ့ရှိချက်များအရ မြန်မာ့ကမ်းရိုးတန်းများနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တွင် ပင်လယ်ပြင်၏ ရေမျက်နှာပြင်အပူရှိန်သည် ၁၉၈၀ပြည့်နှစ်နောက်ပိုင်း ပို၍မြင့်တက်လာသည်ကို တွေ့မြင်လာရသည်။ ထိုသို့ဖြစ်ပေါ်မှုသည် မိုးကြိုကာလအတွင်း မုန်တိုင်းဖြစ်ပေါ်မှုကို ပိုမိုအားကောင်းစေသည့် အကြောင်းရင်းဖြစ်သည်။

ထို့ကြောင့် ၂၀၀၆ခုနှစ်တွင် မာလာမုန်တိုင်း၊ ၂၀၀၇ ခုနှစ်တွင် အားကတ်မုန်တိုင်း၊ ၂၀၀၈ခုနှစ်တွင် နာဂစ်မုန်တိုင်းများသည် အစဉ်အလာမဟုတ်ဘဲ သုံးနှစ်ဆက်တိုက် ဝင်ရောက်လာသည်ကို တွေ့မြင်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ မုန်တိုင်းဖြစ်စဉ်များအရ နှစ်စဉ် မိုးကြိုကာလ ဧပြီလနှင့် မေလ၊ မိုးလွန်ကာလ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မုန်တိုင်းဝင်ရောက်လေ့ရှိသည်။ ၁၉၈၀ ပြည့်နှစ်ရှေ့ပိုင်းတွင် တစ်နှစ်လျှင် အနည်းဆုံး (၁၀)ကြိမ် ဝင်ရောက်ခဲ့သော်လည်း ယင်းနှစ်နောက်ပိုင်းတွင် ခြောက်ကြိမ်မျှသာ တိုက်ခတ်ခဲ့သည်။

လွန်ခဲ့သော ၁၈၇၇ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ နှစ်ပေါင်း ၁၂၈နှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းပေါင်း ၁၂၈၄ ကြိမ် ဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံအတွင်းသို့ အကြိမ်ပေါင်း ၈၀ သာဝင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ခြောက်ရာခိုင်နှုန်းမျှသာ ရှိခဲ့သည်။ မိုးကြိုကာလ ဧပြီနှင့်မေလတို့တွင် ၄၆ ရာခိုင်နှုန်း၊ မိုးလွန်ကာလ အောက်တိုဘာနှင့် နိုဝင်ဘာလတွင် ၄၈ ရာခိုင်နှုန်းသာ ဝင်ခဲ့သည်ကို မှတ်တမ်းများအရ လေ့လာသိရှိခဲ့ရသည်။

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့သည် ကုန်းမြေနှင့် ပင်လယ်စပ်တွင် တည်ရှိနေခြင်း၊ ကမ်းရိုးတန်းရာသီဥတုရှိခြင်း၊ နေ့တွင် ပင်လယ်လေဝင်ပြီး ညတွင် ကုန်းတွင်းလေများ ပုံမှန်တိုက်ခတ်ခြင်းတို့မှာ ဒေသ၏ ပုံမှန်ရာသီဥတုဖြစ်သည်။ လေမုန်တိုင်းဒဏ်ခံခဲ့ရပြီးနောက်ပိုင်းတွင် ဒေသအလိုက် အပူရှိန်အနည်းငယ်မြင့်ရုံမှအပ ရာသီဥတု ဆိုးရွားစွာ ပြောင်းလဲမှု မရှိနိုင်ကြောင်း ကြားသိခဲ့ရသည်။

နောင်နှစ် မိုးကြိုကာလအတွက် ဧပြီလအလယ်မှ မေလအလယ်အတွင်း မိုးတိမ်တောင်များ ပိုမိုဖြစ်ထွန်းနိုင်ခြင်း၊ ဖြစ်ပွားပါက ဆက်လက်၍ လျှပ်စီးလက်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသက်လေပြင်းများ တိုက်ခတ်ခြင်း၊ နေရာကွက်ကျား မိုးကြီးခြင်းတို့သည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း မြို့နယ်အချို့တို့၌ ဖြစ်ပေါ်နိုင်ကြောင်း ပြည်သူအများသတိမူနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်က သုံးသပ်ခန့်မှန်းပြောကြားလိုက်ကြောင်း တင်ပြအပ်ပါသည်။

## မြန်မာနိုင်ငံတောင်ပိုင်းဒေသမိုးပိုလာမည်

နေပြည်တော် စက်တင်ဘာ ၁၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာခဲ့ပါသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဇောင်းတူမြို့တွင် ၂ဒသမ၄၄ လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ၀၁ လက်မ၊ ပဲခူးမြို့တွင် ၁ဒသမ ၈၉လက်မ၊ ကလေးမြို့တွင် ၁ဒသမ၈၅လက်မ ၊ပူတာအိုမြို့ တွင် ၁ဒသမ ၅၈လက်မ၊ မှော်ဘီမြို့တွင် ၁ဒသမ ၄၉လက်မ၊ ထားဝယ်မြို့တွင် ၁ဒသမ ၃၄လက်မ၊ ဟားခါးမြို့တွင် ၁ဒသမ၃၀လက်မ၊ ရွှေကျင်မြို့တွင် ၁ဒသမ ၂၂လက်မနှင့် မိတ္ထီလာမြို့တွင် ၀ဒသမ၈၂လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

**၂၀၀၈ခုနှစ် စက်တင်ဘာ ၁၉ရက်ညနေထိ ခန့်မှန်းချက်။** ။မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၈ ဒသမ၂ ဒီဂရီစင်တီဂရိတ် (၈၃ ဒီဂရီဖာရင်ဟိုက်)၁၇-၉-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်)၁၈-၉-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၁၈-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ဒသမ၁နာရီခန့် ၁၇-၉-၂၀၀၈

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “မသေရာနိဗ္ဗာန်ရဖို့ ဝိဇ္ဇာဉာဏ်ရရမည်” တရားတော် (ပြည်တွင်း၊ပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇း၅၅- ၁း၅၅ | ရတနာစစ်တို့ရဲ့ ဘူမိနက်သန် |
| ၈း၂၀ - ၂း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ - ၂း၂၅ | VJ Choice |
| ၈း၄၅ - ၂း၄၅ | L.Vနည်းပညာဖြင့်ဘိလပ်မြေစက်ရုံစွမ်းအားကို မြှင့်တင်မည့် အစီအစဉ် |
| ၉း၀၀ - ၃း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ - ၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ - ၃း၁၅ | Art Vision (ဂုန်လျှော်ဖျင်စနှင့် ဖောင်းကြွပန်းချီ) |
| ၉း၃၅ - ၃း၃၅ | ရသစုံစွာတေးအလင်္ကာ |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း) |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ - ၄း၅၅ | လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သဘော်အကြွပ်ယိုမုန့်လုပ်နည်း) |
| ၁၁း၃၅ - ၅း၃၅ | The Race Of Dragon Boats |
| ၁၂း၂၀ - ၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ - ၆း၂၅ | စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက် အမှာစကားပြောကြား





ရန်ကုန် စက်တင်ဘာ ၁၈

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီး ဒေါ်ခင်မြဦးတို့သည် စက်တင်ဘာ ၈ ရက်တွင် မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။** (ဝဲပုံ)

ထို့နောက် တိုင်းပညာရေးမှူး ဦးသန်းထွန်းက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တိုင်းမှူးက ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ တိုင်းမှူး၏ဇနီးက ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသူလေးများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်များသည် ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင် စာစီစာကုံးနှင့် ပိုစတာများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bhaskar Kumar Mitra နှင့် National Hydroelectric Power Corporation Limited (NHPC) မှ Chairman and Managing Director, Mr. S.K. Gorg နှင့်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာ၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC) တို့ ပူးပေါင်းဆောင်ရွက်ကြမည့် ထမံသီရေအားလျှပ်စစ် စီမံကိန်းနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့အတွက် နှစ်ဖက်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra၊ Ministry of Power မှ Joint Secretary Mr. Jayant Kawale နှင့် National Hydroelectric Power Corporation Limited (NHPC) မှ Chairman and Managing Director, Mr. S.K. Gorg နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC) မှ Chairman တို့က နှစ်ဖက်နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC) တို့သည် ချင်းတွင်းမြစ်ပေါ်ရှိ ထမံသီရေအားလျှပ်စစ် စီမံကိန်းနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြခြင်းဖြစ်ပြီး ထမံသီရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင်အင်အား ၁၂၀၀ မဂ္ဂါဝပ်နှင့် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းမှာ စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၆၀၀ ရှိမည့်စီမံကိန်းများဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)




**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC) တို့ ပူးပေါင်းဆောင်ရွက်ကြမည့် ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့အတွက် နှစ်ဖက်နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဆန်စက်များ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် စက်တင်ဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်များ၊ စက်တင်ဘာ ၁၂ရက်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်များ၊ စက်တင်ဘာ ၁၃ ရက်တွင် မြောင်းမြမြို့နယ်ရှိ အစိုးရပိုင်ဆန်စက်၊ ဖွဲနုဆီစက်များ ပြင်ဆင်ပြီးစီးမှု အခြေအနေနှင့် လည်ပတ်မှုအခြေအနေ၊ သိုလှောင်ရုံများ ပြင်ဆင်ပြီးစီးမှုအခြေအနေနှင့် ပုဂ္ဂလိကပိုင်ဆန်စက်များ ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မုန်တိုင်းဒဏ်ကြောင့် နိုင်ငံပိုင် ဆန်စက် ၂၁ စက်နှင့် ဖွဲနုဆီစက် လေးစက် ပျက်စီးခဲ့ရပြီး ယခုအခါ ဆန်စက် ၁၁ စက်နှင့် ဖွဲနုဆီစက် လေးစက်တို့မှာ ပြန်လည်ပြင်ဆင်ပြီးစီး၍ လည်ပတ်လျက်ရှိပြီဖြစ်သည်။

**ကူညီဆောင်ရွက်**

ထိုနည်းတူ ပုဂ္ဂလိကပိုင်ဆန်စက် ၁၃၇ စက်နှင့် ဟာလာဆန်စက် ၁၀၄၀ တို့အနက် ဆန်စက် ၁၁၈ စက်နှင့် ဟာလာဆန်စက် ၆၈၃ စက်တို့ ပြုပြင်ပြီးစီး၍ ပြန်လည်လည်ပတ်လျက်ရှိပြီးဖြစ်သည်။ ကျန်ရှိသော ပုဂ္ဂလိကပိုင်ဆန်စက်များ ပြုပြင်နိုင်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာလူငယ် ယူ-၂၁ အသင်း ဗီယက်နမ်သို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန်မြန်မာလူငယ်ယူ-၂၁အသင်းသည် စက်တင်ဘာ၁၇ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာလူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းဇော်(ဘဏ္ဍာရေးမှူး၊ ဘောလုံးအဖွဲ့ချုပ်)၊ အသင်းအတွင်းရေးမှူးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်လေးအောင်၊ ဒိုင်ကြီးကြပ်အဖြစ် ဦးထွန်းလှအောင်၊ အားကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ထက်နှင့် သီဟစည်သူ၊ နောက်တန်း-ဉာဏလွင်၊ အေးဆန်းဝင်းဇော်အောင်၊ မျိုးဇော်ထွန်း၊ ဇော်ဇော်ဦး၊ မျိုးဝင်းထွဋ်၊ အလယ်တန်း-စိုးမင်းဦး၊ အောင်ဇော်လင်း၊ ကျော်ဌေးဦး၊ စိုးသီဟအောင်၊ ပိုင်စိုး၊ အောင်မိုး၊ နေဇော်ထက်၊ထွန်းလင်းအောင်၊အောင်မြင့်အေး၊ ရှေ့တန်း-အောင်ကျော်မျိုး၊ လှအေးထွေးနှင့် စည်သူသန်းတို့ လိုက်ပါသွားကြသည်။ ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ကျင်းပသွားမည်ဖြစ်ပြီး (က) အုပ်စုတွင် မြန်မာ၊ အီရန်၊ စင်ကာပူ၊ (ခ)အုပ်စုတွင် ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် စက်တင်ဘာ ၂၂ ရက်တွင် အီရန်အသင်း၊ စက်တင်ဘာ၂၄ ရက်တွင် စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ကြေးမုံ)

**ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲဝင် မြန်မာလူငယ် ဘောလုံးအသင်းအား တွေ့ရစဉ်။** (ကြေးမုံ)



# အကြမ်းဖက်အဖျက်လုပ်ရပ်များ ပြည်သူ့အားနဲ့ ဝိုင်းဝန်းဆန့်ကျင်ဖယ်ရှားသွားမည်

ကျော်ရဲမင်း

မြန်မာပြည်သူတစ်ရပ်လုံးက တစ်ပါတီစနစ်အစား ဥပဒေနဲ့အညီ ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်စွာ နေထိုင်လုပ်ကိုင် ရှင်သန်ခွင့်ရရှိတဲ့ ဒီမိုကရေစီစနစ်ကို လိုလားလျက်ရှိတာ အားလုံးအသိပါ။ အလားတူ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစု တစ်စုချင်းရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတဲ့ ဈေးကွက်စီးပွားရေး စနစ်ကိုလည်း လိုလားတောင့်တလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ဆန္ဒနဲ့အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုတစ်စုချင်းရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးနေတယ်မဟုတ်လား။ ဒီလိုကြိုးပမ်းဖော်ဆောင်မှုတွေကြောင့် အတိုင်းအတာတစ်ခုအထိ တိုးတက်အောင်မြင်မှုတွေ ရရှိနေတာကိုလည်း အားလုံးလက်တွေ့မျက်မြင်ပဲ ဖြစ်ပါတယ်။

တစ်ဖက်က ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ရင်း အခြားတစ်ဖက်ကလည်း ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးကို အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲအမျိုးမျိုးကြားက မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့်လည်း အမျိုးသားညီလာခံ ကျင်းပခြင်း၊ အခြေခံဥပဒေမူကြမ်း ရေးသားပြုစုခြင်း၊ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုခြင်း စတဲ့ လုပ်ငန်းအဆင့်တိုင်းကို အောင်မြင်စွာ ဖြတ်သန်းချီတက်နိုင်ခဲ့ပြီးပါပြီ။

**ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့ရာမှာ ဆန္ဒခံယူပွဲဥပဒေတွေ၊ နည်းဥပဒေတွေကို နိုင်ငံတကာစံနှုန်းများနဲ့အညီ စနစ်တကျ ရေးဆွဲထုတ်ပြန်ပြဋ္ဌာန်းပြီး အဲဒီဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အလားတူ လွတ်လပ်ပြီး တရားမျှတတဲ့ ဆန္ဒခံယူပွဲဖြစ်စေရန်အတွက်လည်း ဗဟိုမှ အောက်ခြေအဆင့်ဆင့်အထိ ကော်မရှင်များ ဖွဲ့စည်းပေးပြီး စနစ်တကျ ကြီးကြပ်စီမံဆောင်ရွက်ပေးခဲ့တာပါ။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရော၊ ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများကိုပါ အချိန်မီ ကြိုတင်ထုတ်ပြန် ဖြန့်ချိပေးခဲ့ပြီး ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်အောင်လည်း စီမံဆောင်ရွက်ပေးခဲ့တာပဲ မဟုတ်လား။**

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတဲ့နေ့မှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ သံတမန်တွေ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်တွေအားလုံးကို ဒေသအသီးသီးအရောက် ပို့ဆောင်ပေးပြီး ပြည်သူများ ကိုယ်ပိုင်ဆန္ဒနဲ့အညီ လွတ်လပ်စွာ မဲပေးနေတာတွေ မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့တာ မှတ်မိပါသေးတယ်။ တစ်ဖက်ကလည်း အခြေခံဥပဒေအပေါ် ထောက်ခံလိုသူများရော၊ ကန့်ကွက်လိုသူများပါ မိမိဆန္ဒအလျောက် လွတ်လွတ်လပ်လပ် မဲပေးခွင့် ရရှိအောင် မျှမျှတတ စီစဉ်ဆောင်ရွက်ပေးခဲ့တာ အမှန်ပါပဲ။ ဒါကြောင့်လည်း ကျွန်တော်တို့ ကိုယ်တွေ့ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ လွတ်လပ်ပြီး တရားမျှတမှု အပြည့်အဝရှိတာ ပြောဖို့မလိုအောင် ထင်ရှားလှပါတယ်။

အဲဒီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ဆန္ဒမဲပေးသူအားလုံးရဲ့ ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပေးခဲ့ကြပါတယ်။ ဒါကြောင့် အဲဒီအခြေခံ ဥပဒေဟာ ယနေ့ပြည်သူအများစုက Mandate ပေးခြင်းခံရတဲ့ အခြေခံဥပဒေဖြစ်သွားပြီ ဖြစ်ပါတယ်။

**အဲဒီလို အခြေခံဥပဒေကို အများစုက ထောက်ခံခဲ့ကြတာဟာ ပြည်သူများအနေနဲ့ အခြေခံဥပဒေကို တကယ်နှစ်သက်လို့၊ တကယ်လက်ခံလို့သာ ဒီလောက်အထိ သောင်းသောင်းဖြဖြ ထောက်ခံခဲ့ကြတာ ဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရအပေါ် တကယ်ယုံကြည်အားကိုးလို့သာ ဖြစ်ပါတယ်။ နှိုင်းယှဉ်ပြီးပြောရရင် ၁၉၇၄ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့စဉ်တုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ပါတီကလပ်စည်းအဆင့်ဆင့်အနေနဲ့ အခြေခံခိုင်ခိုင်မာမာ ရပ်တည်စုဖွဲ့ထားပြီးသား၊ ကွက်ပြည့်စည်းရုံးထားပြီးသား အခြေအနေမျိုးမှာတောင် ထောက်ခံမဲ ၉၀ဒသမ ၁၇ရာခိုင်နှုန်းသာ ရရှိခဲ့တာကို မှတ်မိပါသေးတယ်။ တကယ်ဆို အခြေအနေအရပ်ရပ်က ယခုထက်ပိုပြီး ထောက်ခံမဲရသင့်တဲ့ အခြေအနေမျိုးမဟုတ်လား။ ဒါပေမယ့် ဒီနေ့လူထုရဲ့ ထောက်ခံမှုကို မမီနိုင်တာ တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီနေ့ကာလလို ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်တွေက အဘက်ဘက်က စည်းရုံးဆန့်ကျင် ဖိအားပေးနေတဲ့ အခြေအနေအရပ်ရပ်ကြားထဲက ၁၉၇၄ ခုနှစ် အခြေအနေကို ကျော်လွန်ပြီး ၉၂ဒသမ၄၈ရာခိုင်နှုန်း ထောက်ခံမဲရရှိခဲ့ခြင်းဟာ ပြည်သူက တကယ်နှစ်သက်လို့၊ တကယ်လက်ခံလို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။**

ပြည်သူများအပိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် ဒီလိုမျိုး တစ်ခဲနက်ထောက်ခံအတည်ပြု ပေးခဲ့ကြတာကလည်း တကယ်တော့ တည်ဆဲအစိုးရအနေနဲ့ ယနေ့ပြည်သူတွေရဲ့ အဓိကလိုလားချက် ဆန္ဒကြီးသုံးရပ်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်စွမ်းရှိတဲ့အတွက် အစိုးရရဲ့ အမျိုးသားနိုင်ငံရေးကြိုးပမ်းဖော်ဆောင်မှုများကို ပြည်သူက သဘောတူ ထောက်ခံအားပေးလျက်ရှိကြောင်း တုံ့ပြန်သက်သေပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ တည်ငြိမ်အေးချမ်းမှုကို လိုလားပါတယ်။ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကို ဖျက်ဆီးမယ့် ဆူပူအကြမ်းဖက်မှုမျိုးကို လုံးဝမလိုလားပါဘူး။ ဒါ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားသလို မိမိတို့တစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လိုလားကြပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေမယ့် ဘယ်လိုကိစ္စရပ်မျိုးကိုမှ လက်မခံနိုင်ကြပါဘူး။ နောက်တစ်ချက်ကတော့ ပြည်သူအားလုံးဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင် စားသောက်လိုကြပြီး သူတို့လိုလားတောင့်တတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်ချင်တဲ့ ဆန္ဒ ကိုယ်စီရှိကြပါတယ်။ ဒါဟာ ယနေ့ မြန်မာပြည်သူအများရဲ့ သဘောထားဆန္ဒအမှန်ပဲ ဖြစ်ပါတယ်။

ယနေ့ပြည်သူတွေဟာ တည်ဆဲအစိုးရအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့အစိုးရ၊ နိုင်ငံနဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးနေတဲ့အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်နိုင်အောင် ဦးဆောင်ချီတက် ပုံဖော်ပေးနေတဲ့ အစိုးရအဖြစ် ယုံကြည်ထောက်ခံ အားပေးနေကြတာပါ။ ဒါကြောင့် တည်ဆဲအစိုးရရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုမှာ အရေးအပါဆုံးအဆင့်ဖြစ်တဲ့ အဆင့်(၄) ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးလုပ်ငန်းစဉ်မှာ အပြည့်အဝ ပူးပေါင်းပါဝင် ထောက်ခံအတည်ပြုပေးခဲ့ကြတာ သက်သေပါပဲ။ ဒါကြောင့် ဒါတွေ အားလုံးဟာ ပြည်သူ့ဆန္ဒ အစစ်အမှန်ဖြစ်တဲ့အတွက် အားလုံးအနေနဲ့ ပြည်သူ့ဆန္ဒကို အလေးထား လေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ရလဒ်အပေါ်မှာ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့များအနေနဲ့ အမျိုးမျိုးဝေဖန်စွပ်စွဲ ပုတ်ခတ်ပြီး ပြည်သူ့ဆန္ဒကို အတင်းအဓမ္မ ငြင်းဆန်ပယ်ချနေကြတာတွေ ယနေ့တွေ့နေရပါတယ်။ သူတို့အနေနဲ့ ဒီရလဒ်အပေါ်မှာ မျက်စိစုံမှိတ်ပြီး ပြောင်ကျကျငြင်းဆန်ရင်း ကျားကျားမီးယပ်လုပ်နေကြပေမယ့် တကယ်တော့ အဲဒီရလဒ်ဟာ ပြည်သူ့ဆန္ဒအစစ်အမှန်ပဲ ဖြစ်တယ်ဆိုတာ ရင်ထဲက လက်ခံထားကြပြီး ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ တချို့ဆန့်ကျင်ဘက် အင်အားစုများအနေနဲ့ အဲဒီအချက်ကို မသိမသာ ဖွင့်ဟဝန်ခံခဲ့ဖူးတာတွေလည်း ရှိပါတယ်။ တကယ်တော့ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကြောင့်သာ ပြည်သူ့ဆန္ဒအမှန်ကို သိမြင်နားလည်နေပါလျက်နဲ့ အတ္တအကျိုးစီးပွား တိမ်သလာဖုံးပြီး အမျိုးသားရေးကို အတိအလင်း သစ္စာဖောက်နေကြခြင်း ဖြစ်ပါတယ်။

**တကယ်တော့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှန်ဖြစ်သလို နိုင်ငံတည်ငြိမ်အေးချမ်းမှု မပျက်ယွင်းဘဲ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုတွေကို အခိုင်အမာတည်ဆောက်ရင်း ပြည်သူအားလုံးလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့အတွက် အလျော်ကန်ဆုံး၊ အန္တရာယ်အကင်းဆုံး၊ အသင့်မြတ်ဆုံး လမ်းကြောင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူက ဒီလမ်းကြောင်းအတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ချီတက်လျှောက်လှမ်းနိုင်ဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပြီး ပြည်သူ့ဆန္ဒနဲ့အညီ မူဝါဒလမ်းစဉ် (၇)ရပ်ဆိုတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်းပဲ ဆက်လက်ဦးတည် ကြိုးပမ်းချီတက်သွားကြမှာပါပဲ။ တည်ဆဲအစိုးရအနေနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုကျင်းပပြီး မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ တရားဝင် ထုတ်ပြန်ကြေညာထားပြီးလည်း ဖြစ်ပါတယ်။**

**ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မမှိတ်မသုန် ဆက်လက်ချီတက် ကြိုးပမ်းတည်ဆောက်ဖို့ ပြည်သူက Mandate ပေးလိုက်ပြီးဖြစ်တဲ့အတွက် တစ်ဖက်ကလည်း ဆန့်ကျင်ဘက်အုပ်စုတွေ လက်မလွှတ်စတမ်း အသေဆုပ်ကိုင်ထားတဲ့ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာ အလိုအလျောက် ပျက်ပြယ်သွားပါပြီ။**

ပြည်သူတစ်ရပ်လုံးအနေနဲ့ သူတ…
အကောင်အထည်ဖော်ဆောင်ရာမှာ …
အကောင်အထည်ဖော် ဆောင်ရွက်…
ထောက်ခံပူးပေါင်းဆောင်ရွက်နေကြ…
လည်း တည်ဆဲအစိုးရအနေနဲ့ ပြည်…
မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်…
ဆောင်ရွက်သွားမယ်လို့ အခိုင်အမာ…
မှုများအပေါ် နှောင့်နှေးအောင်၊ ပျ…
ကြိုးပမ်းလာမှုမှန်သမျှကို ပြည်သူတွေ…
သလို ပြည်သူက အတည်ပြုပြီးဖြစ်…
သေးသိမ်အောင်၊ ထိခိုက်အောင် …
ဆန့်ကျင်ဖယ်ရှားသွားမှာ အသေအခ…

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတ…
အတိုင်း မမှိတ်မသုန် ဆက်လက်ချီ…
ပြည်သူက Mandate ပေးလိုက်ပြီးဖြ…
ဆန့်ကျင်ဘက်အုပ်စုတွေ လက်မလွှတ်…
၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆို…
သွားပါပြီ။ ၁၈ နှစ်ကျော် Date အော…
ကမှ ပြန်လှည့်မကြည့်ချင်တော့ပါဘူ…
အဖွဲ့တွေအနေနဲ့ တဖွဖွတောင်းဆိုနေ…
logue) ဆိုတာလည်း လုံးဝအဓိပ္ပာယ်…
သွားရပါပြီ။ အမျိုးသားညီလာခံမှာ …
အပြည့်အဝပေးခဲ့တုန်းက အမျိုးမျိုး…
ငြင်းဆန်ခဲ့တာ ပြည်သူက မမေ့ကြ…
အချိန်မှာ ဆန့်ကျင်ဘက်အုပ်စုတွေအ…
ပြိုလဲသွားခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့်လ…
အနေနဲ့ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသ…
အခြေခံဥပဒေ ပျက်ပြားအောင်၊ မူ…
အထည်ဖော်မှုနှောင့်နှေးပြီး ရွှေ့မတို…
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကေ…
အဖျက်အမှောင့်လုပ်ရပ်များကို နည်း…
လုပ်ဆောင်လာခဲ့ကြပါတယ်။ သူတို့…
တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေ…
ဖြစ်အောင်၊ ပြည်သူတွေအကြား …
ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလု…
လှုံ့ဆော်သွေးထိုးမှုတွေနဲ့ အကွက်…
နေတာတွေကို သတင်းစာရှင်းလင်းပွဲ(…
သိခွင့်ရလိုက်ပါတယ်။ ဒါပေမယ့် ပြည်…
ဒီလမ်းကြောင်းကိုရွေးပြီး ဒီလိုပဲလုပ်…
ပြည်သူတွေက အပွေးမြင် အပင်သိ…
နားလည်ထားပြီးသား ဖြစ်နေကြပါပြီ…

တစ်ဖက်ကလည်း အန်တီစုအနေ…
နိုင်ငံရေးကြိုးပမ်းဆောင်ရွက်မှုများအ…
ရေး လှုပ်ရှားမှုအရိပ်အယောင်များ …
တယ်။ အန်တီစုအနေနဲ့ ကုလသမဂ္ဂ …
အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာ…
ခဲ့ပါတယ်။ သူမရဲ့ ပါတီဝင်များအနေ…
ဂမ်ဘာရီတို့အပေါ် ဆန့်ကျင်ပုတ်ခ…
ပြောဆိုနေကြပြန်ပါတယ်။ ဒါဟာ …
လုံးဝမှားယွင်းကြောင်း ပြည်တွင်းပြ…
ရှိနေတာ သူတို့လည်း နားနဲ့ ဦးနှော…
ထင်ပါတယ်။

တစ်ချိန်တည်းမှာ NLD ပါတီ…
ဝတ်ခံ ဆန္ဒပြနေတယ်ဆိုတဲ့ သတင်း…
ပြည်ပ တုံ့ပြန်မှုများအပေါ် သွေးတိုးစ…
ပြန်ပါတယ်။

တကယ်တော့ NLD ကိုယ်တို…

ပြည်သူတစ်ရပ်လုံးအနေနဲ့ သူတို့လိုလားတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရာမှာ တိတိကျကျ အချိန်ဇယားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအပေါ် အပြည့်အဝ ထောက်ခံပူးပေါင်းဆောင်ရွက်နေကြတာ အထင်အရှားပါပဲ။ ဒါကြောင့်လည်း တည်ဆဲအစိုးရအနေနဲ့ ပြည်သူရဲ့ဆန္ဒ Mandate အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားမယ်လို့ အခိုင်အမာပြောနေတာပါ။ ဒီလို ဆောင်ရွက်မှုများအပေါ် နှောင့်နှေးအောင်၊ ပျက်ပြားအောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုမှန်သမျှကို ပြည်သူတွေအနေနဲ့ လက်ခံနိုင်မှာမဟုတ်သလို ပြည်သူက အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို သေးသိမ်အောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုမှန်သမျှကိုလည်း ဆန့်ကျင်ဖယ်ရှားသွားမှာ အသေအချာပါပဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီး မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မမှိတ်မသုန် ဆက်လက်ချီတက်ကြိုးပမ်း တည်ဆောက်ဖို့ ပြည်သူက Mandate ပေးလိုက်ပြီးဖြစ်တဲ့အတွက် တစ်ဖက်ကလည်း ဆန့်ကျင်ဘက်အုပ်စုတွေ လက်မလွှတ်စတမ်း အသေဆုပ်ကိုင်ထားတဲ့ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာ အလိုအလျောက် ပျက်ပြယ်သွားပါပြီ။ ၁၈ နှစ်ကျော် Date အောက်နေတဲ့ရလဒ်ကို ဘယ်ပြည်သူကမှ ပြန်လှည့်မကြည့်ချင်တော့ပါဘူး။ အလားတူ ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့ တဖွဖွတောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေး (Dialogue) ဆိုတာလည်း လုံးဝအဓိပ္ပာယ်မရှိတဲ့ အခြေကို ဆိုက်ရောက်သွားရပါပြီ။ အမျိုးသားညီလာခံမှာ ပြောခွင့်၊ ဆိုခွင့်၊ ဆွေးနွေးခွင့်တွေ အပြည့်အဝပေးခဲ့တုန်းက အမျိုးမျိုးအကြောင်းရှာပြီး ဖြောင်ကျကျငြင်းဆန်ခဲ့တာ ပြည်သူက မမေ့ကြသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီနေ့အချိန်မှာ ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ နိုင်ငံရေးအရ လုံးဝ ရှုံးနိမ့်ပြိုလဲသွားခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့်လည်း ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြားအောင်၊ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုနှောင့်နှေးပြီး ရှေ့မတိုးနိုင်အောင်၊ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မအောင်မြင်နိုင်အောင် အဖျက်အမှောင့်လုပ်ရပ်များကို နည်းလမ်းအမျိုးမျိုးနဲ့ ကြံစည်ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြပါတယ်။ သူတို့အနေနဲ့ ဒီနေ့နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေပျက်ယွင်းပြီး မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူတွေအကြား ကျီးလန့်စာစား ရုတ်ရုတ်သဲသဲဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ၊ မီဒီယာပေါင်းစုံမှ လှုံ့ဆော်သွေးထိုးမှုတွေနဲ့ အကွက်ကျကျ ပူးပေါင်းစီမံဆောင်ရွက်နေတာတွေကို သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၈)မှာ ရှင်းရှင်းလင်းလင်း သိခွင့်ရလိုက်ပါတယ်။ ဒါပေမယ့် ပြည်သူက မအံ့သြတော့ပါဘူး။ သူတို့ ဒီလမ်းကြောင်းကိုရွေးပြီး ဒီလိုပဲလုပ်ကြလိမ့်မယ်ဆိုတာ ကျွန်တော်တို့ ပြည်သူတွေက အပွေးမြင် အပင်သိဆိုသလို တစ်ကွက်ကြိုပြီး သိမြင်နားလည်ထားပြီးသား ဖြစ်နေကြပါပြီ။

တစ်ဖက်ကလည်း အန်တီစုအနေနဲ့ တည်ဆဲအစိုးရရဲ့ အမျိုးသားနိုင်ငံရေးကြိုးပမ်းဆောင်ရွက်မှုများအပေါ် ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး လှုပ်ရှားမှုအရိပ်အယောင်များ ပြလာတာကိုလည်း တွေ့နေရပါတယ်။ အန်တီစုအနေနဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနဲ့ လက်ခံတွေ့ဆုံဖို့ ငြင်းပယ်ခဲ့ပါတယ်။ သူမရဲ့ ပါတီဝင်များအနေနဲ့လည်း ကုလသမဂ္ဂနဲ့ မစ္စတာဂမ်ဘာရီတို့အပေါ် ဆန့်ကျင်ပုတ်ခတ်တဲ့ စကားများကို ထုတ်ဖော်ပြောဆိုနေကြပြန်ပါတယ်။ ဒါဟာ အသိဉာဏ်ကင်းမဲ့ရာရောက်ပြီး လုံးဝမှားယွင်းကြောင်း ပြည်တွင်းပြည်ပ ဝေဖန်ထောက်ပြမှု အချို့ရှိနေတာ သူတို့လည်း နားနဲ့ ဦးနှောက်နဲ့ဆိုတော့ ကြားမယ်သိမယ် ထင်ပါတယ်။

တစ်ချိန်တည်းမှာ NLD ပါတီဝင်များအနေနဲ့ အန်တီစု အစာငတ်ခံ ဆန္ဒပြနေတယ်ဆိုတဲ့ သတင်းမျိုးတွေ ထုတ်လွှင့်ပြီး ပြည်တွင်းပြည်ပ တုံ့ပြန်မှုများအပေါ် သွေးတိုးစမ်းတဲ့ အနေအထားကို တွေ့ခဲ့ရပြန်ပါတယ်။ တကယ်တော့ NLD ကိုယ်တိုင်က နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် ဘာတစ်ခုမျှ မယ်မယ်ရရ စွမ်းဆောင်ပေးခဲ့တာ မရှိခဲ့တဲ့အပြင် အကျိုးပျက်စေမယ့်လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်လာခဲ့ကြတာပါ။ နိုင်ငံတော်အစိုးရရဲ့ အပြုသဘောလုပ်ရပ်တွေအပေါ်မှာ ထိုင်ရာမထ လက်ညှိုးထိုး အပြစ်ပြောရင်း ဖျက်မြင်းလုပ်နေတဲ့ အချိန်တွေပဲ ဆယ်စုနှစ် နှစ်စုနီးပါး ရှိလာခဲ့ပြီ မဟုတ်လား။ အလားတူ သူတို့နဲ့ အပေါင်းပါ ပြည်ပြေးတွေဆိုတာလည်း ပြည်ပမှာ မှီခိုကပ်ရပ်နေပြီး Refugee Stay ရဖို့၊ ပြည်ပအထောက်အပံ့ရဖို့လောက်သာ တောင်းရမ်းစားသောက်ရင်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးမျက်နှာကို အိုးမဲသုတ်ဖို့ ကြိုးပမ်းရှင်သန်နေရတဲ့ ဓားမနောက်ပိတ် ခွေးဘဝမျိုးတွေပါ။ သူတို့တွေ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့ကြပြီး အခုလို မကြံအပ် မစည်ရာတွေ ပူးပေါင်းကြံစည်လာကြတာတွေဟာ စေ့စေ့တွေးကြည့်ရင် တကယ်တော့ မဆန်းလှပါဘူး။

**ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုများအနေနဲ့ ဒီလို ဘက်ပေါင်းစုံက အဖျက်အမှောင့်လုပ်ငန်းတွေ ဟန်ချက်ညီ တိုးမြှင့်လုပ်ဆောင်ရင်း ယခု စက်တင်ဘာလအတွင်း လူထုဆူပူအုံကြွမှုတွေ မဖြစ်ဖြစ်အောင် ဖန်တီးဖော်ဆောင်နိုင်ဖို့ ဦးတည်ကြိုးပမ်းနေကြကြောင်း သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းသွားတာ တွေ့ရပါတယ်။ အကယ်၍များ သူတို့စီမံတဲ့အတိုင်း ဆူပူအုံကြွမှု အကောင်အထည်ပေါ်လာမယ်ဆိုရင် ပြည်ပအင်အားကြီးနိုင်ငံရဲ့ ကြိုးကိုင်လမ်းညွှန်မှုနဲ့ ပြည်တွင်းက နိုင်ငံရေးအုပ်စုတွေ၊ ပြည်ပရောက် ပြည်ပြေးတွေ၊ သောင်းကျန်းသူတွေ ကြိုတင်ဇာတ်တိုက်ပြင်ဆင်ပြီး “မြန်မာ့နိုင်ငံရေး မတည်မငြိမ် ဖြစ်နေပါပြီ၊ ဒေသတွင်း လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်တဲ့အနေအထား ရောက်နေပါပြီ” ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ နိုင်ငံ အစိတ်စိတ်အမွှာမွှာပြိုကွဲအောင် မီးမောင်းထိုး ပုံဖော်လုပ်ဆောင်ကြတော့မှာ မုချပါပဲ။ ပြည်ပအင်အားကြီးနိုင်ငံ ဦးဆောင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကတစ်ဆင့် အရေးယူဖို့၊ လုံခြုံရေးကောင်စီက ကြားဝင် ဆောင်ရွက်ဖို့၊ နောက်ဆုံး တစ်နိုင်ငံလုံးကမောက်ကမဖြစ်ပြီး သူတို့အာဏာရဖို့အထိ ဦးတည်ရည်မှန်းကြိုးပမ်းဖော်ဆောင်နေခြင်းဖြစ်တာ ထင်ရှားလှပါတယ်။ ဆန့်ကျင်ဘက် အုပ်စုတွေရဲ့ ရပ်တည်ချက်သဘောအမှန်နဲ့ အကြံအစည်များကို ထင်သာမြင်သာရှိအောင် သတင်းစာရှင်းလင်းပွဲက မီးမောင်းထိုးပြခဲ့တာပါပဲ။**

ဒါကြောင့်လည်း ဆန့်ကျင်ဘက်အုပ်စုတွေက အဲဒီလိုရည်ရွယ်ချက်ရှိရှိနဲ့ ဦးတည်ကြိုးပမ်း လုပ်ဆောင်နေတဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ၊ ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက်လုပ်ရပ်တွေဟာ ပြည်သူ့ဆန္ဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဆန့်ကျင်ဘက်နိုင်ငံရေးသမားတွေ၊ ပြည်ပြေးတွေ၊ သောင်းကျန်းသူအကြွင်းအကျန်တွေ၊ ပြည်ပမှာရှိတဲ့ လူ့အခွင့်အရေးဆိုတဲ့အဖွဲ့တွေအားလုံး အာဏာမျက်နှာတစ်ခုတည်းနောက်ကို ကောက်ကောက်ပါအောင်လိုက်ရင်း ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ မဖြစ်ဖြစ်အောင် ကြိုးပမ်းနေကြတာတွေဟာ ပြည်သူအများ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီဖော်ဆောင်မှုကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် ဟန့်တားဖျက်ဆီးနေတာနဲ့ အတူတူပါပဲ။ အကြမ်းဖက်မှုတွေ၊ ဆူပူမှုတွေအကြားမှာ ဒီမိုကရေစီကို ဘယ်လိုမှအောင်မြင်အောင် အကောင်အထည်ဖော်လို့မရနိုင်ဘူးဆိုတာ အားလုံးနားလည်ပြီး ဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင် ကျွန်တော်တို့အားလုံးဟာ ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်၊ ဥပဒေနဲ့အညီ လွတ်လပ်စွာ လုပ်ကိုင်နေထိုင်စွမ်းဆောင်ခွင့်ရရှိပြီး ပြည်သူအများရည်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်မျက်မှောက်ပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ထက်သန်တက်ကြွစွာ အသင့်ရှိနေကြပါပြီ။ ဒါကြောင့် ဒီအချက်တွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်နိမ့်ပါးအောင်၊ ဒီမိုကရေစီပန်းတိုင်နှင့် အလှမ်းဝေးအောင် နှောင့်ယှက်ဖျက်ဆီးမှုတွေ၊ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးလုပ်ရပ်တွေ၊ သွေးထိုးလှုံ့ဆော်မှုတွေကို ပြည်သူ့အင်အားနဲ့ ဝိုင်းဝန်းဆန့်ကျင်ဖယ်ရှားသွားကြမှာသာဖြစ်ကြောင်း ပြည်သူ့ဆန္ဒကို ကိုယ်စားပြုရင်း အတိအလင်း ပြောလိုက်ပါရစေ။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။ (သတင်းစဉ်)

## အထက(၉) မော်လမြိုင် (ယခင်ရှင်မဟာ ဗုဒ္ဓဃောသ အမျိုးသားကျောင်း) တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

အထက(၉)မော်လမြိုင်၊ (ယခင်ရှင်မဟာ ဗုဒ္ဓဃောသ အမျိုးသားကျောင်း) တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ အငြိမ်းစားယူသွားခဲ့ပြီးဖြစ်သည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လုပ်သက်အနှစ်(၂၀)အထက်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား ၂၀၀၈ခုနှစ် အောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့တွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားတွင် ပူဇော်ကန်တော့ကြမည် ဖြစ်သဖြင့် သက်ဆိုင်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါ်မြင့်မြင့်ရီ (ကျောင်းအုပ်ကြီး)အထက(၉) ဖုန်း-၀၅၇-၂၇၀၇၀၊ ဒေါ်သီတာကြည် ဖုန်း-၀၅၇-၂၆၀၉၇၊ ဒေါ်မြမြလေး ဖုန်း-၀၅၇-၂၂၉၄၆၊ ဦးကြည်သိန်း ဖုန်း-၀၉၅၂၀၁၄၈၁ နှင့် မအိအိနွယ် ဖုန်း-၀၁-၂၀၀၇၄၇၊ လိုင်းခွဲ-၂၀၂၇၊ ၀၉၅၁၄၄၇၈၄ တို့သို့ အကြောင်းကြား ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## The LIVE NEWS ဂျာနယ် အမှတ်(၉၈)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၉၈) တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ သူကောင်းမြို့ပိုင်(၂)၊ မြင်းမူမောင်နိုင်မိုး၏ သူအနှင့်အိပ်မက်၊ မြတ်ဆရာ၊ တောင်ဇလပ်ပန်းနှင့်ပညာရှိ နီမင်းဆွေ၏ ငုပ်မိသဲတိုင်၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြား အမည်ရခဲ့တဲ့လမ်း၊ အဆောက်အအုံ ဗိမာန်နဲ့ ဘာသာရေးအဆောက်အအုံများ(၆)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အပိုင်း(၆)၊ အာရှမိုး၏ အမေရိကန်သမ္မတလောင်းများရဲ့ ဒုတိယ သမ္မတလောင်း ရွေးချယ်မှု စိတ်ကူးဖက်ရှင်(သို့မဟုတ်) “ပါလင်ဖီဗာ” ဦးငြိမ်းအောင်(ဆရာဗေဒ)၏ ၂၀၀၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ဘာရက်အိုဘားမား ပွတ်ကာသီကာ နိုင်ပါလိမ့်မယ်၊ အမေရိကန်သည် ရုရှားနှင့် ပူးပေါင်း၍အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆောင်ရွက်သင့်ဟု ရုရှားသမ္မတပြောကြား၊ တရုတ်-အမေရိကန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဟု ပြိုင်ဘက်အမေရိကန်သမ္မတလောင်းနှစ်ဦးစလုံး အတည်ပြုရေးသားထုတ်ပြန်၊ အရှေ့အလယ်ပိုင်းရှိ ဂျပန်လေတပ် စစ်သည်များအား ယခုနှစ်ကုန်၌ ပြန်လည်ရုပ်သိမ်းမည်၊ မလေးရှားအာဏာရပါတီတွင်း နိုင်ငံရေးလှုပ်ခတ်မှုများ ဖြစ်ပေါ်လာ၊ အချစ်ရေးက ပြောဖို့စောပါသေးတယ်ဆိုတဲ့ ထွန်းထွန်း၊ မျက်ဝန်းရိပ်အပိုင်း(၁၁၊ ၁၂)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၃၁၊ ၃၂)၊ ရွှေမင်းသားလေး ချစ်ပုံပြင် အပိုင်း(၃၂၊ ၃၃) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃ လ-၁၃စောင် ၅၈၅၀/-၊ ၆လ-၂၆စောင်-၁၁၇၀၀/- နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)၊ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၉-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပြိုင်ပွဲ
၇း၅၀ ၅။ တေးဂီတအစီအစဉ်
၈း၀၀ ၆။ မြန်မာစာ၊မြန်မာစကား
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ “ကျွမ်းတိုင်းမကြမ်းနဲ့” (လျှမ်းထက်၊သတ္တိ၊ ဖြိုးမောင်မောင်၊သဇင်၊ နန်းဆုရတီစိုး၊စုချစ်ဇော်) (ဒါရိုက်တာ-ဇော်လူထက်)
၈း၂၅ ၉။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား)
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ နှောင်းခေတ်တေးပဒေသာ
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၄၅ ၅။ အဆိုပြိုင်ပွဲ
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ အတီးပြိုင်ပွဲ
၅း၂၀ ၈။ **“တောမြိုင်စွန်းမှ လွမ်းမျက်ရည်” (ရဲအောင်၊လူမုန်း၊သူထူးစံ၊ မေသဥ္ဇာဦး၊ထူးသာ၊ ဝွမ်းပုံကြီး) (ဒါရိုက်တာ-အကယ်ဒမီ ပန်းချီစိုးမိုး)**
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသမီး)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မှန်တိုင်း” (အပိုင်း-၁၀)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ တေးဂီတအစီအစဉ်
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၃၀)**
၂၀။ အစီအစဉ်ပြီး၏။

## ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး တာချီလိတ်မြို့၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁နာရီတွင် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ကုန်သွယ်မှုပမာဏ ဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ နယ်စပ်ကုန်သည်အသင်း၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်များက ကုန်ပစ္စည်းများတင်ပို့မှု၊ တင်သွင်းမှုများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း ရမည်းသင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)၌ အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

# ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

**ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရမည်းသင်းမြို့ သီလဝခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ဆေးတက္ကသိုလ်နှင့် တက္ကသိုလ်အသီးသီး၌ ပညာသင်ကြားနေသော ပညာသင်ထောက်ပံ့ကြေးရရှိသူ ခြောက်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းဇော်အောင်နှင့် လေးဘာသာဂုဏ်ထူးရှင် မလဲ့လဲ့မျိုးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၉ ဦးတို့အား တာဝန်ရှိသူ အသီးသီးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေများကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းနှင့် တာဝန်ရှိသူများကလက်ခံကြသည်။ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဝင်းသူဇာ အရောင်းဆိုင် (ရမည်းသင်း) သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၁၈

ရှေ့နေချုပ်ရုံး နေပြည်တော်မှ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် "ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးဆိုင်ရာစာချုပ်နှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများ၏ တတိယအကြိမ် အစည်းအဝေး" သို့ တက်ရောက်နိုင်ရန်အတွက် စက်တင်ဘာ ၁၇ရက်နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

လိုက်ပါ

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးပီရှူးနှင့် ဦးခင်မောင်ဦးတို့လည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရေးမြို့နယ် ငယ်ရွယ်သူမျိုးဆက်ပွားကျန်းမာရေးသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့်ငယ်ရွယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက်တွင် မွန်ပြည်နယ် ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး**(ဝဲပုံ)**က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦးက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြား၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက သင်တန်းသား လက်စွဲစာစောင်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်သည်။

ထို့နောက်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးထံ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကအသင်းဝင်အဆိုပြုလွှာများကို ပေးအပ်ပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင်ကတ်ပြားများကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မူးယစ်ကင်းစင် အလှဆင်

# အချစ်ကလန်းတယ် မြို့လယ်ရုံများ၌ ရုံတင်

ရန်ကုန် စက်တင်ဘာ ၁၈

ယခုသောကြာပတ် စက်တင်ဘာ ၁၉ရက်တွင်မြန်မာရုပ်ရှင်ဇာတ်ကားသစ်**အချစ်ကလန်းတယ်**မြို့လယ်ရုံများ၌ ရုံတင်ပြသမည် ဖြစ်သည်။

လူစွမ်းကောင်းရုပ်ရှင် ထုတ်လုပ်ရေးမှ ခင်ဦးခင်ခင်၏ဝတ္ထုကို လွင်မင်းအံ့ ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ မောင်သီလ၊ ဩရသတို့ ရိုက်ကူးသည့် **အချစ်ကလန်းတယ်**ဇာတ်ကားမှာ ဟာသကားကောင်းတစ်ကားဖြစ်သည်။ အထူးသဖြင့် တူ၊ တူမများကိုသာ ထိန်းကျောင်း ပဲ့ပြင်ရင်း အရွယ်လွန်လာသည့်တိုင် အိမ်ထောင်မပြုနိုင်ကြသည့် အပျိုကြီး၊ လူပျိုကြီးတို့ဘဝကို ဒါရိုက်တာကအမိအရဇာတ်လမ်းဆင်ရိုက်ကူးထားသည့် ဟာသဇာတ်ကားစစ်စစ်တစ်ကားဖြစ်ရာဇာတ်ကားအစမှ အဆုံးတိုင် ပရိသတ်ကို ဟာသအနုပညာမြောက်စွာဖြင့် စွဲဆောင်သွားမည်ဖြစ်ပါသည်။ မင်းမော်ကွန်း၊ ခန့်စည်သူ၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ ဗေလ၊ မေတ္တာနှင့် ပွင့်တို့ ခေါင်းဆောင်ပါဝင်ထားကြကာ သမ္မတ၊ သွင်နှင့် မင်္ဂလာ သုံးရုံတစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ရွှေ့ဆောင်ရုံ၌ ထာဝရရှင်သန်နေပျိုမှု၏လျှို့ဝှက်ချက်ကို သိလိုသည့် တရုတ်နဂါးဧကရာဇ်မင်းနှင့် ၎င်းလျှို့ဝှက်ချက်ကိုသိသည့် မှော်ဆရာမတစ်ဦးတို့၏အကြား ပေါင်းကူးဆက်သွယ်ပေးသည့် ဧကရာဇ်၏ စစ်ဗိုလ်ချုပ်ကြီးသုံးဦးတို့၏မေတ္တာရေးရာဇာတ်လမ်းကို ရိုက်ကူးထားသည့် ဂမ္ဘီရ ဇာတ်ကားတစ်ကားဖြစ်သော The Mummy Tomb of The Dragon Emperor ဇာတ်ကားပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီး ကွန်ဖူးမင်းသား ဂျက်လီပါဝင်သရုပ်ဆောင်ထားသည်။ နေပြည်တော်ရုံ၌ လျှို့ဝှက်လူသတ်ဂိုဏ်းတစ်ဂိုဏ်း၏စည်းရုံးသွေးဆောင်မှုကြောင့် လူသတ်သမားအဖြစ်ပြောင်းလဲသွားခဲ့ရသည့် သာမန်စာရင်းကိုင်တစ်ဦးမှာ မိမိ၏ မူလဘဝကိုပြန်လည် ရရှိရန်အတွက် ဂိုဏ်းဝင်လူသတ်သမားများနှင့်အပြင်းအထန် တိုက်ခိုက်ရင်း မိမိ၏ဘဝကိုပြောင်းလဲနိုင်ခဲ့ပုံအား ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် Wanted ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

ဘုရင့်ရုံ၌ နာမည်ကြီး အိန္ဒိယတောင်ပိုင်းမင်းသား Vijay ပါဝင်သရုပ်ဆောင်ထားသည့် Chil Liii ဇာတ်ကားနှင့် မြို့မရုံ၌ Au Dhi Tya Singh, Sheetal Bavishi နှင့် Om Puriတို့ ပါဝင်ကြသည့် AK47 ဇာတ်ကြမ်းကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

**ယခုသောကြာပတ်စက်တင်ဘာ ၁၉ရက်တွင် ရုံတင်ပြသမည့် မြန်မာရုပ်ရှင် ဇာတ်ကားသစ် "အချစ်ကလန်းတယ်"မှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။**



# မျိုးဆက်ပွား ကျန်းမာရေးတွင် အမျိုးသားများ ပိုမိုပံ့ပိုး ကူညီလာစေရေးစီမံချက် ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၈

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA)နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(MMA)တို့၏ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနကစီစဉ်ဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများ ပိုမိုပံ့ပိုးကူညီလာစေရေး စီမံချက်ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနွယ်နီအုန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ Project Co-ordinator ဒေါက်တာဝင်းအောင်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ဆွေးနွေးပြောကြားကြသည်။

အဆိုပါသင်တန်းတွင်ခရမ်းမြို့ပေါ်မှ သင်တန်းသား ၃၆ ဦးတက်ရောက်ကြပြီး ပိန်းကန် ကျေးလက်ကျန်းမာရေးဌာန၌လည်း အလားတူသင်တန်းမျိုးကို သင်တန်းသား ၂၇ ဦးဖြင့် ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းကာလမှာ လေးရက်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နီအုန်း မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများ ပိုမိုပံ့ပိုးကူညီလာစေရေး စီမံချက်ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)





# မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း ပြုပြင်ထိန်းသိမ်းမှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၃ ရက်တွင် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့ ဧရာဝတီတံတား (ရတနာပုံ)မှတစ်ဆင့် ရွှေဘို-မြစ်ကြီးနားလမ်းတစ်လျှောက် လမ်း၊ တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဇင်းရွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ခံ အင်ဂျင်နီယာများအား လမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ ဇော်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၄ ရက်တွင် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၁၂၁/၃)၌ တာဝန်ခံအင်ဂျင်နီယာများအား လမ်း၊ တံတားလုပ်ငန်းများကို သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး အဆိုပါလမ်းပေါ်ရှိ ကွင်းချောင်းတံတား တည်ဆောက်မည့် လျာထားနေရာ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တံတားအူကြောင်းများအလိုက် ချောင်းအကျယ်၊ ရေသွားလမ်းကြောင်း အခြေအနေတို့ကို တိတိကျကျ တိုင်းတာတွက်ချက်ရန် မှာကြားပြီး ရွှေဘို-မြစ်ကြီးနားလမ်းတစ်လျှောက် လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့ဆန္ဒ ဒို့ဆန္ဒ

* တည်ငြိမ်မှု ဒို့လိုလား
ဆူပူမှုများ မလိုချင်။
* ဒို့နိုင်ငံ စည်ပင်ကြွားလို့
ဒို့ကိုယ်စီ ဘဝများလည်း
ကြီးပွားစေချင်။
* ဥပဒေနဲ့အညီ
လွတ်လပ်စွာ ဘဝရပ်တည်ရင်း
ဒီမိုကရေစီ ပန်းတိုင်စခန်း
အမြန်လှမ်း ရောက်စေချင်
ဒို့လိုအင် ဆန္ဒအစစ်။
* ဒါတွေအမှန် တကယ်ပြည့်ရအောင်
လမ်းမှန်စွာ ဦးဆောင်ပြလေတဲ့
မူဝါဒ လမ်းစဉ် (၇)ရပ်
မြတ်နိုးစွဲချစ်။ ။

မန်းသာစိန်(ဗာပွန်)



စီးပွား/ကူးသန်းမှ ရာဇာဝင်းသိန်း ပြည်ထဲရေးဘက်သို့ ထိုးဖောက်စဉ်။

## မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲစတင် ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်း ပွဲဦးထွက် အနိုင်ရ

သတင်းနှင့် ဓာတ်ပုံ-ကိုကိုစိုးညွန့်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ နိုင်ပွဲများ ပွဲဦးထွက် ရရှိသွားကြသည်။

**(၁၇-၉-၂၀၀၈)**

**ဘဏ္ဍာ/အခွန်အသင်း - နှစ်ဂိုး**

(ကျော်သူရနှင့် စိုးမြတ်မင်း)

**ဆက်/စာ/ကြေးအသင်း - တစ်ဂိုး**

(ချိုသဲမောင်)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းမှာ ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာရရှိပြီး အဆင့်မြင့်တန်းသို့ တစ်ကျော့ပြန် ပြန်လည် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ●

## ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ

**သတင်းမှတ်တမ်း - တင်ဝင်းလေး (ကြည့်မြင်တိုင်)**

ကမ္ဘာကြီး ပူနွေးလာမှု၏ နောက်ဆက်တွဲ အကျိုးများကြောင့် ယခုနှစ်အတွင်း မက္ကဆီကို ပင်လယ်ကွေ့၌ ဒိုလီမုန်တိုင်း၊ ကာရစ်ဘီယံဒေသ၌ ဂူစတပ်မုန်တိုင်း၊ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ အိုက်ခ်မုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး ဒေသတွင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။

**စာမျက်နှာ ၆ ကော်လံ ၁သို့** ❑

**ကမ်းရိုးတန်းဒေသဖြစ်သော ရခိုင်ပြည်နယ် စစ်တွေမြို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရုံး၌ ခေတ်မီမိုးလေဝသတိုင်းတာရေးကိရိယာများ တပ်ဆင်နေစဉ်။**

(ဓာတ်ပုံ-မိုး/ဇလ)



## တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ကျားကလေးသုံးကောင် မွေးဖွား



**နေပြည်တော်**

**စက်တင်ဘာ ၁၈**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ မွေးမြူပြသထားသော ကျားဝါပြောက်ရှိ ကျားမ နိုနိုမှ ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျားကလေးသုံးကောင်အား မွေးဖွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)